


# အမှန်မျက်လုံးလေး ပေးပါရစေ

ဟောကြားသည့်နေ့
၁၈ - ၁၁ - ၆၀

၂၄၈

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၂) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# "အမှန်မျက်လုံးလေး ပေးပါရစေ"

ဟောကြားသည့်နေ့ (၁၈-၁၁-၆၀)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုမှာတော်မူသလဲဆိုရင်ဖြင့် **'မိတ္တဝတာယ သမုဒါစရထမာသပတ္တဝတာယ လို့'** မှာတော်မူတယ်၊ ပါဠိလိုဖြစ်နေတော့ ဒကာ ဒကာမတွေ နားမလည်ဘူး၊ မြန်မာလို ရှင်းရှင်းပြောတော့ ဒကာကြွယ် ဒကာသစ်တို့ ဦးလှဘူးတို့ နားလည်သွားပါလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## မိတ်ဆွေကောင်းကပြောတာဆိုပြီးကျင့်ပါ

ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတာကို

မင်းတို့ မိတ်ဆွေကောင်းတစ်ယောက်ပြောတဲ့ စကားရယ်လို့ မှတ်ထားပြီးသကာလ နေမယ်ဆိုလို့ရှိရင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်း ပါလိမ့်မယ်တဲ့. . . (မှန်ပါ့)၊ **'မာသပတ္တဝတာယသမုဒါစရထ'** ငါ့ကို ရန်သူကြီးထင်ပြီးအရွဲ့တိုက်ပြီးသကာလ ကိုယ်တော်က ဒီလိုဟောတာ တပည့်တော်က ဒီလိုနေမယ်ဆိုရင် ရန်သူအဖြစ်နဲ့ ဖြင့် ငါဘုရားကို မပေါင်းကြပါနဲ့တဲ့ . . . (မှန်ပါ့)၊ မိတ်ဆွေအဖြစ်နဲ့ ငါဘုရားကို ပေါင်းပြီးသကာလ လိုက်နာကြပါတဲ့. . . (မှန်ပါ့)၊ ရန်သူအဖြစ်နဲ့ အရွဲ့တိုက်ပြီးသကာလ မနေရစ်ကြပါနဲ့ဆိုတာ ပဏ္ဏာသပါဠိတော်များမှ မှာတော်မူတယ်. . . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမြင်အင်မတန်ကျယ်တဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တော့ **ဒီလိုရှုပါကွာ၊ ဒီလို မှတ်ပါကွာ၊ ဒီလိုရှု ဒီလိုမှတ်**လို့ရှိရင်ဖြင့် မင်းတို့ဒုက္ခခပ်သိမ်းကင်း ငြိမ်းပါလိမ့်မယ်ဆိုတာ ဩော်. . . တို့မိတ်ဆွေကောင်းကြီးက ဒီလိုပြောလို့ ဒီလိုလုပ်ရမယ်ဆိုလို့ရှိရင်လည်း ဘုရားက မိတ်ဆွေ ကောင်းအဖြစ်နဲ့ ပေါင်းသင်းလို့ ကျေနပ်ပါတယ်. . . (မှန်ပါ့)၊ **မာသပတ္တဝတာသမုဒါစရထ**ကိုယ်တော်က ဒီလိုဟောထားလို့ တပည့်တော်တို့က ဒီလိုအရွဲ့ တိုက်ပြီး ဒီလိုမရှုမမှတ်ဘဲနဲ့ နေလိုက် မယ်ဆိုတော့ ဘုရားကို ရန်သူအဖြစ်နဲ့ ပေါင်းတဲ့ ပုဂ္ဂိုလ်တွေလို့ စွဲချက်တင်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်ဒုက္ခကိုယ်သိမ်းနိုင်လိမ့်မယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားကို မိတ်ဆွေအဖြစ်နဲ့ ပေါင်းသင်းပြီး ရန်သူအဖြစ်နဲ့မထားဘဲ နေကြလို့ရှိရင်ဖြင့် ကိုယ့်ဒုက္ခ ကိုယ်သိမ်းနိုင်လိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ပါ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာသစ်မိတ်ဆွေအဖြစ်နဲ့သာ ပေါင်းတော့တဲ့ နော်. . . (မှန်ပါ့)၊ ရန်သူအဖြစ်နဲ့ဖြင့် ပေါင်းသင်းဆက်ဆံပြီး မကျင့်ကြပါနဲ့ဆိုတာ သေသေချာချာ မှာတော်မူတယ်. . . (မှန်ပါ့)၊ ဒီထက်လည်း လျှော့ဈေးမရှိတော့ဘူး. . . (မှန်ပါ့)၊ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

မိတ်ဆွေအဖြစ်နဲ့ ပေါင်းရင်တော်ပါပြီ၊ ရန်သူအဖြစ်နဲ့ဖြင့် ကိုယ်တော်က ဒီလိုဟောလို့ တပည့်တော်တို့က အရွဲ့တိုက်မယ် ဆိုတာဖြင့် မနေလို့ရှိရင်လည်း တော်ပါပြီဆိုတော့ ဒကာသစ်ရေ လျှော့ဈေးမကုန်သေးဘူးလား. . . (ကုန်ပါပြီဘုရား)။

## မိတ်ဆွေအဖြစ်နဲ့ နားထောင်ရင်တော်ပါပြီ

အင်မတန် အမြင်ကျယ်တဲ့ပုဂ္ဂိုလ်ကြီးက ဒကာ ဒကာမ တွေကို မိတ်ဆွေအဖြစ်နဲ့ ငါပြောတာနားထောင်ပြီး မိတ်ဆွေကြီး တစ်ဦးကပြောဆိုတဲ့ တရားရယ်လို့ လိုက်နာကြရင်ပဲ ဒကာကြွယ် တော်ပါပြီတဲ့. . . (မှန်ပါ့ဘုရား)။

---

* ဉပရိပဏ္ဏာသ ပါဠိတော် မဟာသုညတသုတ် ၁၅၉။

ကိုယ်တော်က ဒီလိုဟောပြီး တပည့်တော်တို့ ဒီလိုနေလိုက်မယ်ဆိုတဲ့ ဟောတာကတဖုံ၊ နေတာကတခြား ဤကဲ့သို့ အမြင်မှားမှာကိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက စိုးရိမ်တော်မူရှာတယ်၊ ရန်သူအဖြစ်နဲ့ မင်းတို့ငါတို့ မပေါင်းပါနဲ့ဆိုတာ သေသေချာချာ မှာတော်မူတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာကြွယ်တို့ ဘယ်လိုအဖြစ်နဲ့ ပေါင်းသင်းရမှာပါလိမ့်. . . (မိတ်ဆွေအဖြစ်နဲ့ပေါင်းရမှာပါဘုရား)၊ ရန်သူအဖြစ်နဲ့ဖြင့်. . . (မပေါင်းပါနဲ့)၊ မပေါင်းကြပါနဲ့ဆိုတာ သေသေချာချာ မှာတော်မူတယ်. . . (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒီတရားတစ်ပွဲလုံး ဒကာ ဒကာမတွေကတို့သည်ကားလို့ဆိုရင်ဖြင့် ဘုရားက ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တမို့ အရှင်ဘုရား ရှိခိုးပါ၏ဆိုတာနဲ့ မပြီးသေးဘူး. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေကို မိတ်ဆွေကောင်းတစ်ယောက်က ပြောတဲ့ စကားကို လိုက်နာမယ်ဆိုတဲ့ စိတ်ကိုမွေးကြပါ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ထော်လော်ကန့်လန့်အဖြစ်နဲ့ဖြင့် မနေလိုက်ကြပါနဲ့ဆိုတော့ ဒါလောက်တောင် အကျိုးစီးပွားကို အလိုရှိတဲ့ပုဂ္ဂိုလ်ကြီးက လျှော့စျေးသုံးပြီးသကာလ ထားတော့ ဘယ့်နှယ်ကြောင့်ကိုယ်တော်မြတ်ကြီး ဒါလောက် လျှော့စျေးသုံးပါလိမ့်မလဲလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## အိုဘေး၊ သေဘေး၊ မသိမ်းရစ်မှာ စိုးရိမ်လို့

ကိုယ်တော်မြတ်ကြီးမှာတော့ ထွက်ရပ်လမ်းပေါက်ပြီးသား **အိုဘေး၊ နာဘေး၊ သေဘေး**တွေ အကုန်သိမ်းပြီးသား ဖြစ်ပါတယ်၊ ဒကာ ဒကာမတို့ မသိမ်းရစ်မှာ စိုးရိမ်တဲ့အတွက် မိတ်ဆွေကောင်းတစ်ဦးက ပြောတယ်ဆိုပြီးသကာလ **လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်**ကြမယ်ဆိုရင် ကျေနပ်ပါပြီတဲ့ . . . (မှန်ပါ့ဘုရား)။

**ဘုရားရှိတုန်းကလည်း မလိုက်နာ၊ ဘုရားလည်း ပရိနိဗ္ဗာန် စံသွားတဲ့အခါလည်း မလိုက်နာ**လို့ရှိရင်ဖြင့် မိတ်ဆွေကောင်းပြောတာ မလိုက်နာဘူးဆိုရင်ဖြင့် အကျိုးယုတ်မှာ မြင်တာကြောင့် မိတ်ဆွေတစ်ဦးပြောတဲ့စကားကို လိုက်နာတဲ့အနေတဲ့ လိုက်နာကြရင်ပဲ ကျုပ်ကျေနပ်ပါပြီတဲ့. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ အင်မတန် အကျိုးစီးပွားလိုလားတဲ့ ကိုယ်တော်ကြီးက ဒါလောက်ပြောလို့ရှိရင် ကျုပ်တို့အရွဲ့မတိုက်သင့်ဘူးဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့ဘုရား)။

## အရွဲ့မတိုက်သင့်ပါဘူး

အရွဲ့တိုက်သင့်ပါမလား. . . (မသင့်ပါဘုရား)၊ မသင့်တော့ ဒကာ ဒကာမတွေ ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ် စား

သောက်၊ ကိုယ့်အရောင်းအဝယ်နဲ့ ကိုယ့်သားသမီးနဲ့၊ ကိုယ့်အိမ်ထောင် ကိုယ်ထင်သလိုပြုပြီးသကာလ နေကြမယ်ဆိုလို့ဆိုရင်ဖြင့် ဒကာ ဒကာမတို့ ဘုရားကတော့ **ဝိပဿနာ**ရှုကြလို့ဟောတယ်၊ ခင်ဗျားတို့က **သားသမီးတွေ** ရှုနေကြလို့ရှိရင်ဖြင့် ဒကာသစ် ဒါဟာ အရွဲ့တိုက်-မတိုက် စဉ်းစားစမ်း. . . (အရွဲ့တိုက်ပါတယ်ဘုရား)၊ အရွဲ့တိုက်တဲ့ အခိုပ္ပာယ် ဒကာကြွယ်ရောက်တယ်. . . (ရောက်ပါတယ်ဘုရာ)၊ သားရေး၊ သမီးရေး၊ အရေးကြီးပြီးသကာလ ကိုယ့်အရေးမကြီးလို့ ရှိရင်ကော. . . (အရွဲ့တိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်အကျိုးစီးပွားရှိလို့ အရွဲ့တိုက်တာလား၊ ကိုယ့်ကိုယ်ကိုယ် အနစ်နာခံပြီးသကာလ အရွဲ့တိုက်တာလား . . . (ကိုယ့်ကိုယ်ကို အနစ်နာခံပြီး အရွဲ့တိုက်တာပါဘုရား)။

## အရွယ်တွေကကြီးကုန်ကြပြီ

အဲဒါကြောင့် ဒကာသစ်တို့ အရွယ်တွေလည်း ကြီးကုန်ကြပြီ၊ ဆရာသမားတွေလည်း ကြီးကုန်ကြပြီ၊ ကျုပ်တို့ အရွဲ့တိုက်ဂိုဏ်းကို ဒကာကြွယ်တို့၊ ဦးလှဘူးတို့၊ လုံးလုံးဖြုတ်မှ တော်မည့်အချိန်လည်း ရောက်ကြပါပြီ. . . (မှန်ပါ့)၊ မရောက်ကြသေးဘူးလား. . . (ရောက်ကြပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်

မြတ်ကြီးက အရွဲ့မတိုက်ဘူးဆိုရင် မျက်လုံးမှန်ကလေး ပေးချင်တယ် . . . (မှန်ပါ့)၊ မှန်တဲ့မျက်လုံးကလေး ပေးချင်တယ်. . . (မှန်ပါ့ဘုရား)။

ဘာမျက်လုံးပေးချင်တာတုံး. . . (မှန်တဲ့မျက်လုံးပေးချင်ပါတယ်)၊ အမှန်မြင်တဲ့ မျက်လုံးကိုပေးချင်တယ်. . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီးသင်္ ့ အမှန်မြင်တဲ့ မျက်လုံးကို ပေးချင်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဝမ်းထဲမှာက မျက်စိနှစ်ကွင်းကလည်း အလင်းမရ အပြင်ဘက် ကျပြန်တော့ ဘုရားနဲ့တွေ့ ဘုရား၏ တပည့်သားတွေနဲ့ တွေ့ပြီဆိုမှဖြင့် အလင်းမရ. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဝမ်းထဲကလည်း အလင်းမရခဲ့၊ အပြင်ဘက်ကျပြန်တော့လည်း **အမေ့ကိစ္စ**၊ **အဖေ့ကိစ္စ**နဲ့ ကိုယ်ပျော်ချင်သလိုပျော်နေတဲ့ကိစ္စတွေကြောင့် မျက်စိနှစ်ကွင်းက အလင်းမရဘူး . . . (မှန်ပါ့ဘုရား)။

## အမှန်မျက်လုံးလေး၊ ငါပေးပါရစေတဲ့

မျက်စိနှစ်ကွင်း၊ အလင်းမရတော့ အမှန်မျက်လုံးကလေး ငါပေးပါရစေကွာဆိုတဲ့ ဥစ္စာကို ချော့ချော့မော့မော့နဲ့ ပေးရှာတယ်. . . (မှန်ပါ့ဘုရား)၊ ချော့ချော့မော့မော့နဲ့ ပေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ့်အကျိုးလိုလား

တဲ့ မိတ်ဆွေကြီးကပေးတဲ့ မျက်လုံးကိုဖြင့် ငါတို့သည်ကားလို့ ဆိုလိုရှိရင် **ဝမ်းထဲမှာလည်း အလင်းမရ၊ အပြင်ဘက်မှာလည်း အလင်းမရ၊** ဤကဲ့သို့ မရမှုကြီးကို အလင်းမျက်လုံးတပ်ပေးပါ့ မယ်ဆိုတာကိုဖြင့် ဝမ်းမြောက်ဝမ်းသာနဲ့ တရားတစ်ပွဲလုံးက လက်ခံရမယ်. . . (မှန်ပါ့)၊ မခံထိုက်ကြဘူးလား. . . (ခံထိုက်ပါ့ တယ်ဘုရား)။

ဒါ့ကြောင့် ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး လက်ထက်က **ကစ္စာန** အနွယ်ဖြစ်တဲ့ ရဟန်းတစ်ပါးက မေးလျှောက်တယ်၊

**"သမ္မာဒိဋ္ဌိသမ္မာဒိဋ္ဌိတိ ဘန္တေဝုစ္စတိ"**

**ကိတ္တာဝတာနုခေါဘန္တေ သမ္မာဒိဋ္ဌိ ဝုစ္စတိ။**

## အမှန်မျက်လုံးဆိုတာ၊ ဘာကိုဆိုပါလိမ့်

အမှန်မျက်လုံးဆိုတာ ဘာဆိုပါလိမ့်မလဲဘုရားလို့ မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အမှန်မျက်လုံးဆို တာ **ပဋိစ္စသမုပ္ပာဒ်**ဖြစ်တာကို မြင်တာလည်း အမှန်မျက်လုံး၊ **ပဋိစ္စသမုပ္ပာဒ်**ပျက်တာကို မြင်တာလည်း. . . (အမှန်မျက်လုံးပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာဝန်ကြီးထမ်းပြီး ဖြစ်နေတော့ ခန္ဓာဖြစ်မှုကိုမြင်လို့ရှိရင် အမှန်မျက်လုံး၊ ခန္ဓာပျက်မှု

ကို မြင်လို့ရှိရင်လဲ. . . (အမှန်မျက်လုံးပါဘုရား)၊ အဲဒီမျက်လုံး ကလေးဖြင့် ယူကြပါ၊ ယောက်ျားမိန်းမမရှိဘူး၊ **ပဋိစ္စသမုပ္ပာဒ်** ဖြစ်နေတာ ချုပ်နေတာဆိုတာ ကလေးကိုဖြင့် ဒီမျက်လုံး ကလေးဟာ ဝမ်းထဲကလည်း မမြင်ခဲ့ကြဘူး၊ အပြင်ဘက် ကျပြန်တော့လည်း မမြင်တဲ့ဥစ္စာကို ကိုယ်ခန္ဓာ၏ ပင်ကိုသဘော အရှိကို မမြင်တာကိုဖြင့် မြင်အောင် အမှန်မျက်လုံးကလေး တစ်ခု မိတ်ဆွေကောင်းကပေးတာကိုဖြင့် ကိုယ်လည်း အလင်းရှိတာ၊ ကိုယ်ပဲ အမှန်မြင်ရတာကိုဖြင့် လက်ခံသင့်ပါတယ်ဆိုပြီး ဒကာ ဒကာမတွေ လက်ခံကြပါ. . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ခဏခဏဖြစ်ပျက်နေတာသိရမယ်

လက်ခံကြပါဆိုတော့ တခြားမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ကိုယ်ခန္ဓာကိုယ်ကြီးက ခဏခဏဖြစ်နေတာ သိရမယ် . . . (မှန်ပါ့)၊ ကိုယ်ခန္ဓာကြီး ခဏခဏအနိစ္စရောက်နေတာကို ကော. . . (သိရမှာပါဘုရား)။

အဲဒါသိလို့ရှိရင် ဘာမျက်လုံးပါလိမ့်. . . (ပညာမျက်လုံး ပါ)၊ အဲဒီမျက်လုံးကလေးဟာဖြင့် ဒကာ ဒကာမတို့ **ဝမ်းတွင်းက ကန်းတာတွေပျောက်၊ ပြင်ဘက်ကျမှ မမြင်တာတွေလည်း** ပျောက်ဆိုတော့ ဒီမျက်လုံးကို ဒကာကြွယ်တို့၊ ဒကာသစ်တို့ ဦးလှဘူးတို့က လက်ခံသင့်တယ်. . . (မှန်ပါ့ဘုရား)။

## ဒါကနင့်အဖေ၊ ဒါကနင့်အမေ

ဘယ့်နှယ်ကြောင့် လက်ခံသင့်ပါလိမ့်မတုံးဆိုတော့ ကိုယ်ကိုယ်တိုင်ကဖြင့် **မိဘရိုးရာမျက်လုံးနဲ့ပဲ ဟောဒါနင့်အဖေ၊ ဟောဒါနင့်အမေ၊ ဟောဒါကနင့်အကိုလို့** မှတ်ထား၊ ဟောဒါက **နင့်ညီ၊ ဟောဒါက နင့်နှမအစရှိသည်** တော်တယ်လို့ဆိုပြီး မိဘပေးထားတဲ့မျက်လုံးက **သမုတိမျက်လုံး**ပေးထားတယ်. . . (မှန်ပါ့ဘုရား)။

**သမုတိ**မျက်လုံးပေးထားတော့ **တကယ်အမိပဲ၊ တကယ် အဖပဲလို့** ထင်နေလို့ရှိရင်ဖြင့် ဒကာသစ်တို့ပဲ စဉ်းစားပါ ရုပ်နာမ် ပျောက်ပါတယ် . . . (မှန်ပါ့)၊ **ရုပ်နာမ်** ပျောက်ကတည်းက ရုပ်ဖြစ်ပျက်၊ နာမ်၏ဖြစ်ပျက်လည်းပျောက်တော့တယ်၊ မပျောက် ပါနဲ့ဆိုလို့. . . (မရပါဘုရား)။

ဩော်. . . ဒါဖြင့် ဝမ်းထဲကလည်း သူများပါးစပ်မှာ လမ်းဆုံးတဲ့ အမေ အဖေ. . . (မှန်ပါ့)၊ အပြင်ဘက် ရောက်လာ ပြန်တော့လည်း **ဒါနင့်အဖေ နင့်အမေ**လို့ အရပ်ကဝိုင်းပြော၊ ဘေးကဆွေမျိုး ဉာတကာတွေက ပြောတာနဲ့ သူများမျက်လုံးနဲ့ သာ ကိုယ့်မှာဖြင့် အချိန်ကုန်ပြီးသကာလ ကိုယ်တိုင်သိမျက်လုံး ကဖြင့် မရနိုင်ဘူး. . . (မှန်ပါ့)၊ သူများပြောမျက်လုံးနဲ့ပဲ အချိန်ကုန် မနေဘူးလား. . . (ကုန်နေပါတယ်ဘုရား)။

## အမှန်အရှိကိုတကယ်မသိ

အဲဒီလိုကုန်နေတော့ အမှန်အရှိကို တကယ်သိဖို့ မျက်လုံးက မရဘဲဖြစ်နေတယ်. . . (မှန်ပ့ါ)၊ တကယ်သိမျက်လုံးက မရဘဲဖြစ်နေတော့ ကျုပ်တို့မှာ **ဝမ်းထဲမှာကန်း၊ အပြင်ဘက်မှာလည်းကန်း** လုပ်ကိုင်စားသောက်ပြန်လည်း အကန်းတွေ လုပ်နေကြတာပဲ၊ သေပွဲဝင်သွားပြန်တော့ အကန်းသာဖြစ်ရတယ် . . . (မှန်ပ့ါ)၊ မနစ်နာဘူးလား. . . (နစ်နာပါတယ်)။

အဲဒီနစ်နာမှာ စိုးရိမ်တဲ့အတွက် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရားပေးတဲ့ **မျက်လုံး**ကိုဖြင့် မိတ်ဆွေကြီး တစ်ယောက်ကပေးတဲ့ **မျက်လုံး**ဖြစ်ပါတယ်ကွာ၊ ကိုယ့်အမြင်မှန်ကလေးရဖို့ဖြင့် မင်းတို့လက်ခံပြီး ယူကြပါဆိုတဲ့ အကြောင်း ဘုရားကဟောတာပါပဲ. . . (မှန်ပ့ါ)၊ ဒကာကြွယ် ယူထိုက် မယူထိုက်. . . (ယူထိုက်ပါတယ်ဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ယူရင်

ကိုင်း. . . ဒါကိုမယူကြဘူးဆိုလို့ရှိရင်လည်း ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ ခင်ဗျားတို့ ဩော်. . . ငါ၏အမေ ပုဂ္ဂိုလ်သေသွားရှာပြီ **အဖေ**ပုဂ္ဂိုလ်လည်း ငါ့ကို စွန့်သွားပြီ ငါလည်း ကိုယ်ကျိုးနည်းတာပဲဆိုတော့ သူများပေးတဲ့မျက်လုံးနဲ့ **အမေ အဖေ**ရယ်လို့မှတ်ထားတော့ ဒါတွေက **သေကျေပျက်စီး၊** ကုန်ကြ၊

**အိုကြ၊ နာကြ**ဆိုတဲ့အခါကျတော့ ဖြစ်မှဖြစ်ရလေ တို့မှိုခို အားထားရာ တောင်ကြီးပြိုသွားတာပဲ၊ **လက်မောင်းကြီး** ပြုတ်ပြီး သကာလ သွားတာပဲဆိုတာ တစ်ခါတည်းငိုပွဲတွေ **သောက ပရိဒေဝ ဒုက္ခဒေါမနဿတွေမလားဘူးလား. . .** (လာပါတယ် ဘုရား)။

အဲဒီကဲ့သို့လာတာ လာချင်လို့လာတာလားလို့ မေးတော့ အကန်းမို့လာတာ. . . (မှန်ပါ့)၊ ဘယ်လိုဆိုကြပါ့မယ်. . . (အကန်းမို့လာတာပါ)၊ အကန်းလို့ဆိုတာကို ကျေကျေနပ်နပ် သဘောကျပါ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ငိုပွဲဆင်ကြ၊ သားသေလို့ ငိုပွဲဆင်ကြ၊ သမီးသေလို့ ငိုပွဲဆင်ကြ၊ သမီးဒုက္ခရောက်လို့ အနေခြအနေမလှလို့ ငိုပွဲ၊ စိုးရိမ်ပွဲတွေ ဆင်ကြတာသည် အမှန် မျက်လုံးမရလို့ ဖြစ်ရတဲ့ အကြီးစားဖြစ်တွေပဲ. . . (မှန်ပါ့ဘုရား)။ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်)။

အဲဒါကြောင့် ဒကာ ဒကာမတို့ **အမှန်မျက်လုံးကလေး** မရသ၍ ကာလပတ်လုံး အငိုလက်စသတ်မယ် စိုးရိမ်လက် စသတ်မယ်ဆိုတာ မရှိကြောင်းကို ဘုရားသခင်ကိုယ်တော်မြတ် ကြီးက မင်းတို့သည် ငိုပွဲ လက်စသတ်ရအောင်၊ စိုးရိမ်ပွဲလည်း လက်စသိမ်းရအောင် အမှန်မျက်လုံးပေးတာကို မင်းတို့က ကြည်ကြည်ဖြူဖြူနဲ့ လက်ခံပါဆိုတာ မိတ်ဆွေကောင်းကပေးလို့

ကျကျနန ယနေ့ လက်ခံပါဆိုတဲ့ အကြောင်းကို ဘုရားက ဟောတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ငိုဖို့ရာပေးထားတဲ့မျက်လုံး

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ **အမေပေးတဲ့ မျက်လုံး** ကလည်း ငိုဖို့ရာ ပေးထားတဲ့မျက်လုံး. . . (မှန်ပါ့)၊ **အမေပေးတဲ့ မျက်လုံး**က ဘယ့်နှယ်ငိုဖို့ရာ ပေးထားတဲ့ မျက်လုံးဆိုတာ ဒကာကြွယ် ဟောဒါ နင့်အဖေလို့မှတ်ထား၊ ဟောဒါ နင့်နှမလို့ မှတ်ထား၊ ဟောဒါ နင့်တူသားနှောင်မယ်လို့ မှတ်ထားဆိုတော့ **အမေပေးတဲ့ မျက်လုံး**နဲ့ မှတ်ထားလိုက်တာကိုးဗျ. . . (မှန်ပါ့)။

မှတ်ထားတော့ ဒါတွေကလည်း တော်တော်ကြာ **နာလိုက်၊ အိုလိုက်၊ သေလိုက်၊ မွဲလိုက်၊ ကွဲလိုက်၊** မလာဘူးလား . . . (လာပါတယ်ဘုရား)၊ ဒီအခါကျတော့ ခုနင်ကမှတ်ထားတဲ့ ပုဂ္ဂိုလ်က ငြော်. . . တို့ဖြစ်တွေကဖြင့် မကောင်းပါဘူး၊ တို့ဖြစ် တွေကဖြင့် စိတ်ချမ်းသာစရာ တစ်ကွက်တစ်စက်မှ မပါဘူးဆိုတာ တွေ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ် စိတ်မချမ်းသာ လက်မချမ်း သာစရာ ဖြစ်ရပါလိမ့်မလဲလို့မေးတော့ ဒကာသစ်တို့ ဒကာကြွယ် တို့ ဖြေကြည့်တာပေါ့ မျက်လုံးကန်းနေလို့. . . (မှန်ပါ့)၊ **အမေပေး တဲ့ မျက်လုံး**တွေ လမ်းဆုံးနေတယ်. . . (မှန်ပါ့ဘုရား)။

## မျက်လုံးအမှန်ယူဖြစ်အောင်ယူပါ

ဘုရားပေးတဲ့ မျက်လုံးက မရဘူး အဲဒီတော့ မရတော့သူ့မှာ ဒီမျက်လုံးမှ မရသ၍ ကာလပတ်လုံး **သောကပရိဒေဝ ဒုက္ခ ဒေါမနဿ**ဆိုတဲ့ ငိုပွဲစိုးရိမ်မှု မြေလူးပွဲတွေနဲ့သာ နွှဲနေရတော့ တယ်ဆိုတာ **တစ်သံသရာလုံး** ဖြစ်မှာစိုးတဲ့အတွက် ယနေ့သည် မိတ်ဆွေကောင်းတစ်ဦးက မျက်လုံးမှန်ရပြီး၊ မင်းတို့ အငိုတိတ်ပွဲကို ဆင်နွှဲပေးပါတယ်၊ မင်းတို့မှာ မျက်လုံးအမှန်ယူဖြစ်အောင် ယူပါလို့ဆိုလိုရင်း. . . (မှန်ပါ့)၊ ဘာယူရမှာပါလိမ့်. . . (မျက်လုံးအမှန်ယူရမှာပါဘုရား)။

ဒကာကြွယ်တို့၊ ဦးလှဘူးတို့ တယ်လည်းကရုဏာကြီးပါကလား. . . (ကြီးပါတယ်ဘုရား)၊ သူပေးတဲ့မျက်လုံး မယူလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ငိုပွဲစိုးရိမ်ပွဲနဲ့ပဲ အချိန်ကုန်ရတော့မှာပဲ. . . (ကုန်မှာပါဘုရား)၊ ဒီဟာနဲ့ အချိန်ကုန်ပြီး ငိုခြင်းကြောင့် **အပါယ်သွား**၊ စိုးရိမ်ခြင်းကြောင့်လဲ. . . (အပါယ်သွားရမှာပါဘုရား)။

အခုလည်း မချမ်းသာ နောင်လည်းဆင်းရဲ. . . (မှန်ပါ့)၊ ယခုမချမ်းသာတာက ငိုပွဲစိုးရိမ်ပွဲ နောင်လည်း ဆင်းရဲတာက အပါယ်ရောက်တဲ့အတွက် ဆင်းရဲပွဲကြီးကော မနွှဲရဘူးလား. . . (နွှဲရပါတယ်)၊ ဒါဟာ ဘာမျက်လုံးမရတာပါလိမ့်. . . (အမြင်မှန်မျက်လုံးမရတာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအမြင်မှန် မျက်လုံး ကလေးကို မိတ်ဆွေတစ်ယောက်ကပေးတာ ခင်ဗျားတို့ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံပါဆိုတဲ့ဥစ္စာ ဪ. . . **တို့အငိုပွဲလည်း သိမ်း၊ အပါယ် ငရဲလည်းသိမ်း၊ အပါယ်ငရဲလည်း ငြိမ်းတဲ့** မျက်လုံးကို သူပေးပါ မယ်ဆိုတာ၊ တို့ကြည်ကြည်ဖြူဖြူ လက်မခံဘူးဆိုလို့ရှိရင်ဖြင့် ငိုချင်သေးလို့ ဆင်းရဲချင်သေးလို့ပဲ. . . (မှန်ပါ့)၊ ဒီတော့ တို့မိုက် လွန်းလို့ဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား. . . (ရောက်ပါတယ် ဘုရား)။

## ဘုရားပေးတဲ့အမှန်မျက်လုံးလက်ခံပါ

ဒါဖြင့် အားလုံး ဒကာ ဒကာမတို့ အမှန်မျက်လုံးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပေးတာကိုဖြင့် ကြည်ကြည် ဖြူဖြူနဲ့ တစ်ပွဲလုံးက လက်ခံပါဆိုတဲ့အကြောင်းကို ပြောရတယ် . . . (မှန်ပါ့ဘုရား)။

ဘယ်လို လက်ခံရမတုံး. . . (ကြည်ကြည်ဖြူဖြူနဲ့ လက်ခံ ရပါမယ်ဘုရား)၊ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံရမယ်နော်. . . (မှန်ပါ့)၊ ခင်ဗျားတို့ **ဘေးကပြောတဲ့မျက်လုံး အရပ်ကပြောတဲ့ မျက်လုံး၊ အမေအဖေကပြောတဲ့ မျက်လုံး** ဒါတွေသည်ကားလို့ ဆိုရင်ဖြင့် **တစ်နေ့နေ့ ငိုရစိုးရိမ်**ရတော့မယ်ဆိုတာ သေသေ ချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

အမေအဖေပြောတာ ကြည့်ပါလား နင့်မှာ အပျိုအရွယ် ကလေးဖြစ်လာပြီ အိမ်ထောင်ပြုမှပေါ့၊ ဒါမှနင့်မှာ အစောင့် ရှောက်ကလေးလုံလောက်၊ အဲဒါ ခင်ပွန်းအဖြစ်နဲ့ပေါင်းနေလို့ ရှိရင် နေရာကျသွားမှာပေါ့စသည်နဲ့ သူက နေရာကျမယ်သာ ပြောနေတာ ခင်ပွန်းပူကပ်မှာတော့ တစ်ခုမှမပါလာဘူး. . . (မှန်ပါ့)၊ ခင်ပွန်းဝေဒနာရောက်လို့ ပြုစုတာကော. . . (မပါပါ ဘုရား)၊ ခင်ပွန်းကြောင့် သွားလေရာရာစိတ်မချရတဲ့ ပွဲကြီးတွေ ကော ပါရဲ့လား. . . (မပါပါဘုရား)။

## အရပ်ကပေးတဲ့မျက်လုံး

ဩော်. . . ဒါဖြင့် ဘုရားပေးတဲ့**မျက်လုံးမယူမိ**၊ အရပ်ပေး တဲ့ **မျက်လုံး**နဲ့ပဲ ကိုယ့်မှာလမ်းဆုံးနေရတော့ နောက်ဆုံးပိတ်ကျ တော့ သူပြောတဲ့အတိုင်း အိမ်ယာတည်ထောင် တော်တော် ကြာတော့ ခင်ပွန်းသည်အတွက် စိုးရိမ်သောက ဗျာပါဒရောက် လို့ ပြီးသေးရဲ့လား. . . (မပြီးသေးပါဘုရား)၊ ဘယ်သူပေးတဲ့ **မျက်လုံး**ယူမိပါလိမ့်ဗျာ. . . (အမေပေးတဲ့မျက်လုံး ယူမိပါတယ် ဘုရား)၊ **အမေပေးတဲ့မျက်လုံး**နဲ့ အရပ်ကပေးတဲ့ မျက်လုံး ဒကာကြွယ်. . . (မှန်ပါ့ဘုရား)။

ကိုယ်ကိုယ်တိုင်ပဲ ဒီမျက်လုံးတွေတပ်ထားခဲ့လို့ အခု ထက်တိုင် ဒီမျက်လုံး စခန်းမသိမ်းသေးသည့်အတွက် **သားပူ**

**သမီးပူ ခင်ပွန်းပူ မြေးပူဆိုတာတွေက** ကပ်နေတယ်. . . (ကပ်နေပါတယ် ဘုရား)။

ဪ. . . ဘုရားပေးတဲ့**မျက်လုံး** မယူမိလို့ အရပ်ထဲကပေးတဲ့ **မျက်လုံး အမေအဖေပေးတဲ့** မျက်လုံး ကိုယ့်ဝမ်းထဲကန်းလာတဲ့ အကန်းကရပ်ပြီး ယူမိတဲ့**မျက်လုံး**ကြောင့် အခုထက်တိုင်တိုင် ဒကာ ဒကာမတွေမှာ စားမဝင် အိပ်မပျော်ဆိုတဲ့ ပွဲတွေဟာ ညတိုင်းလိုလိုပဲ ဖြစ်နေကြရတယ်၊ တရားနှလုံးမသွင်းရင်ဒီပွဲနွှဲနေရတယ်. . . (မှန်ပါ့)၊ ဘယ်လောက်များ ဆိုးတယ်ဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

## မျက်လုံးမှန်ကလေးပေးပါရစေ

အဲဒါကြောင့် ဒကာ ဒကာမတို့ မျက်လုံးမှန်ကလေးပေးပါရစေ၊ မိတ်ဆွေကောင်းတစ်ယောက်ပေးတဲ့ **မျက်လုံး**ကိုဖြင့်ယူဖြစ်အောင် ယူပါဆိုတာ ဒကာသစ်တို့ အငြင်းမသန်ပါနဲ့တော့. . . (မှန်ပါ့)၊ ငြင်းလုံးသန်ရင် ငိုပွဲစိုးရိမ်ပွဲနဲ့ **အပါယ်နွှဲ**ချင်လို့သာဆုံးဖြတ်ချက်ချပေတော့. . . (မှန်ပါ့)။

အဲဒါ ဘုန်းကြီး ကြံဖန်ပြောနေတာလား၊ မျက်လုံးလမ်းဆုံးတဲ့အတွက် သူများပါးစပ်မှာ ကိုယ့်ခန္ဓာအပ်မိတဲ့အတွက်သူများ မျက်လုံးလမ်းဆုံးမိတဲ့အတွက်နော်. . . (မှန်ပါ့)၊ ကိုယ့်ခန္ဓာကို သူတစ်ပါးစီမံသလိုခံမိတဲ့အတွက်နော် ဒကာကြွယ်ရေ

အခု လူမွေးတောင် မပေါက်ဘူးနော်. . . (မှန်ပါ့)၊ ပေါက်သေးရဲ့လား. . . (မပေါက်ပါဘုရား)။

ဟိုအိမ်ကြည့်လိုက်ပြန်လည်း ဘယ်သူနဲ့မတည့်လို့ မျက်ရည်ကျနေတာနဲ့ ထိုင်ပြီးငိုနေတာနဲ့၊ ညမှာ အိပ်မပျော်စားမဝင်ဖြစ်နေရတာနဲ့ ဩော်. . . ဘုရားပေးတဲ့ **မျက်လုံး မရသေးသရွေ့** ကာလပတ်လုံးဖြင့် **ငိုပွဲသည်ငါ့ပစ္စည်း၊ စိုးရိမ်ပွဲသည်. . .** (ငါ့ပစ္စည်းပါဘုရား)၊ အပါယ်ငရဲသည်. . . (ငါ့ပစ္စည်းပါဘုရား)။

ဒကာသစ် မကောင်းတော့ဘူး. . . (မှန်ပါ့ မကောင်းပါဘုရား)၊ အင်မတန်ဆိုးသွားပြီ ဒကာ ဒကာမတို့. . . (ဆိုးသွားပါပြီဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ **ဆရာကောင်း သမားကောင်း** ကလည်း **ဘုရားဟောတဲ့အတိုင်း** ကယ်ယူဆောင်ပို့ပြီး သကာလ နေပြန်တော့ **ဒီမျက်လုံးမရသရွေ့** ကာလပတ်လုံးဖြင့် ငိုပွဲသည်ကားလို့ဆိုရင် ကိုယ်ပိုင်ပစ္စည်း. . . (မှန်ပါ့)။

**စိုးရိမ်သောက ဗျာပါဒဖြစ်ရတဲ့ ပွဲကြီးသည်. . .** (ကိုယ်ပိုင်ပစ္စည်းပါဘုရား)၊ **ငရဲမီး ငရဲအိုး**တွေသည်. . . (ကိုယ်ပိုင်ပစ္စည်းပါဘုရား)၊ ကိုယ်ပိုင်ပစ္စည်းဖြစ်ရတာသည် **ဘုရားပေးတဲ့မျက်လုံး**ကို ကြည်ကြည်သာသာနဲ့ လက်မခံခဲ့မိလို့. . . (မှန်ပါ့)။

## အခါအခွင့်ရှိတုန်းသာပေးလို့ရတာ

ဒီကြည်ကြည်သာသာနဲ့ လက်ခံမှုဆိုတာလည်း အချိန်

အခါအခွင့်ကလေးရှိတုန်းသာ ပေးလို့ရတာနော်. . . (မှန်ပါ့)၊ နောက်တော့ ဒီသာသနာဆုံးမတဲ့သာသနာကြီး ကုန်သွားပြီဆို တော့ ဒကာကြွယ်ပေးမည့်သူကလည်း မရှိတော့ ငိုပွဲမျက်လုံး ချည့်ရမှာပဲ. . . (မှန်ပါ့)၊ စိုးရိမ်မျက်လုံးချည့်. . . (ရမှာပါဘုရား)၊ **အဲ-မိစ္ဆာဒိဋ္ဌိမျက်လုံးချည့်ရမယ်**. . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ **သမ္မာဒိဋ္ဌိ မျက်လုံး**ကိုဖြင့် မိတ်ဆွေကောင်းအဖြစ်နဲ့ ပေးမှာဖြစ်နေသော ကြောင့် ကြည်ကြည်သာသာနဲ့ တစ်ပွဲလုံးကို အငိုတိတ်တဲ့ မျက်လုံး၊ စိုးရိမ်တိတ်တဲ့မျက်လုံး၊ အပါယ်ပိတ်တဲ့မျက်လုံးကိုဖြင့် ယူကြပါတော့ဗျာ. . . (မှန်ပါ့)၊ ဦးလှဘူးတို့ကော. . . (ယူကြမှာ ပါဘုရား)။

ဒကာ ဒကာမတို့ ဒီဉစ္စာ စကားတတ်လို့ အကျယ်တဝင့် ပြောနေတာ မဟုတ်ပါဘူး၊ ဘုရားသေသေချာချာ ဟောတယ်၊ ဒီမျက်လုံးမှမရလို့ရှိရင် ဒကာကြွယ် **သောက ပရိဒေဝ ဒုက္ခဒေါ မနဿ**သေတဲ့ပုဂ္ဂိုလ်လည်း ဒကာကြွယ် အပါယ်မှတစ်ပါးသွား စရာ မရှိသလောက်ဘဲ. . . (မှန်ပါ့)။

အဲဒါကြောင့် **ငိုပွဲသိမ်း၊ စိုးရိမ်ပွဲသိမ်း၊ ငရဲအိုးသိမ်း၊ ငရဲမီး ငြိမ်း**ဆိုတဲ့ **မျက်လုံး**ကိုဖြင့် ယနေ့ဆရာဘုန်းကြီးကလည်း အရောက်ပေးတော့မယ်၊ ခင်ဗျားတို့အရောက်ပေးတော့မှာကို ခင်ဗျားတို့ ဩော်. . . တရားတော့နာခဲ့တာပါပဲ၊ ဒီမျက်လုံး

ကလေး မရဘူးဆိုလို့ရှိရင် ဒါအကန်းတွေပြန်သွားတဲ့ပွဲပဲလို့ ဆိုထိုက် မဆိုထိုက် . . . (ဆိုထိုက်ပါတယ်ဘုရား)။

## စိုးရိမ်လို့ကယ်တင်နေတာ

ဒါကြောင့် ဒီမျက်လုံးကိုဖြင့် အဖိုးတန်အောင် ပြောနေတာ မဟုတ်ဘူး၊ တစ်သံသရာလုံးက အလင်းမရခဲ့တာကို အလင်းပေးမည့်မျက်လုံးဖြစ်နေသောကြောင့် ဒါမရရင်ဖြင့် ဒကာဒကာမတို့ အကန်းသွားသွားပြီးသကာလ ချောက်ကျင်းတွေသည် အကန်းပစ္စည်းဖြစ်သွားမှာပဲ၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ **အပါယ်လေးပါး**တည်းဟူသော ချောက်တွေကျင်းတွေသည် ကန်းသောပုဂ္ဂိုလ်တို့၏ သွားရာကျရာ ဌာန. . . (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ စိုးရိမ်ကြီးစွာနဲ့ ဆရာဘုန်းကြီးကလည်း ကယ်တင်နေတယ်ဆိုတာလည်း ဒကာသစ်တို့ ဒကာကြွယ်တို့ ဦးလှဘူးတို့ ပေါ်လောက်ပါပြီ. . . (မှန်ပါ့ဘုရား)။

## သမ္မာဒိဋ္ဌိမျက်လုံးဆိုတာ

ဒါဖြင့် ပြောကြပါစို့၊ **ကစ္စာနအနွယ်**ဖြစ်တဲ့ ရဟန်းက အရှင်ဘုရား သမ္မာဒိဋ္ဌိမျက်လုံး **သမ္မာဒိဋ္ဌိမျက်လုံး**ဆိုတာသည် တပည့်တော်သိပရစေဘုရားလို့ လျှောက်တော့။

"ဒွယနိဿိ တောခွါယံ ကစ္စာနလောကောယေဘု

ယျေန၊ အတ္ထိတဋ္ဌေဝ နတ္ထိတဋ္ဌ" *

**သမ္မာဒိဋ္ဌိမျက်လုံး** မရှိလို့ရှိရင်ဖြင့် ပုဂ္ဂိုလ်ဖြစ်တယ်လို့ **မိစ္ဆာဒိဋ္ဌိမျက်လုံး**က ပုဂ္ဂိုလ်မွေးဖွားလာတယ်လို့ ယူရမှာပဲ. . . (မှန်ပါ)၊ ပုဂ္ဂိုလ်တစ်ယောက် သေသွားရှာသတဲ့လို့ ယူတဲ့ မျက်လုံးသည် **မိစ္ဆာဒိဋ္ဌိမျက်လုံး**. . . (မှန်ပါ့ဘုရား)။

ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာတယ်လို့ယူတဲ့ မျက်လုံးသည် . . . (မိစ္ဆာဒိဋ္ဌိမျက်လုံး)၊ ပုဂ္ဂိုလ်တစ်ယောက်သေပေါ့ဟေ့. . . (မိစ္ဆာဒိဋ္ဌိမျက်လုံးပါဘုရား)။

ဒီလိုဆိုတော့ **မိစ္ဆာဒိဋ္ဌိမျက်လုံး**နဲ့ဆိုရင် နီးစပ်တဲ့ပုဂ္ဂိုလ်ပေါ်လာရင်လည်း ခင်ဗျားတို့ ဝမ်းသာကြမှာပဲ. . . (မှန်ပါ့)၊ နီးစပ်တဲ့ပုဂ္ဂိုလ် သေသွားပြန်တော့ကော. . . (ဝမ်းနည်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝမ်းသာလို့ရှိရင်လည်း **လောဘ၊ တဏှာ** ဥပါဒါန်ကံကိုသွားမှာပဲ. . . (မှန်ပါ့)၊ ဝမ်းနည်းလို့ရှိပြန်လည်း **ဒေါသ၊ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ အဝိဇ္ဇာသခ်ါရဘက်** မလှည့်ပေဘူးလား. . . (လှည့်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လောကကြီးထဲမှာ လောကအစစ်ကို မသိသရွေ့ကာလပတ်လုံး ဒကာကြွယ်ရေ **သမ္မာဒိဋ္ဌိမျက်လုံး** မရသေးဘူး. . . (မှန်ပါ့ဘုရား)။

---

* (၂၅၇-ကစ္စာနသုတ် နိဒါနဝဂ္ဂသံယုတ်)။

## ကြားစိတ်ကလေး

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာကိုယ်ထဲမှာ နားက ကြားတယ်ဆိုတော့ ကြားစိတ်ကလေး နားထဲမှာ မပေါ်ဘူးလား. . . (ပေါ်ပါတယ်)၊ နားက ကြားတာကလေးဟာ ဘာပါလိမ့်. . . (ကြားစိတ်ပါဘုရား)၊ ကြားစိတ်ကလေးသည် ဒကာ ဒကာမတို့ အလိုလိုပေါ်တာလား၊ အကြောင်းနှင့်တိုက်ဆိုင်လို့ပေါ်တာလား. . . (အကြောင်းနှင့်တိုက်ဆိုင်လို့ ပေါ်လာတာပါဘုရား)။

အဲ. . . **သောတဥ္စသဒ္ဒေစဥပ္ပဇ္ဇ**ဆိုတဲ့ ကြားစိတ်ကလေး သက်သက်ပဲ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားကလေးပဲ . . . မမှတ်ထိုက်ဘူးလား. . . (မှတ်ထိုက်ပါတယ်ဘုရား)။

ကြားစိတ်ကလေးဟာ ဘာပါလိမ့် ဒကာ ဒကာမတို့ . . . (အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားပါ)၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးစိတ်ကလေးလို့ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

## အကြောင်းကြောင့်ဖြစ်တဲ့အကျိုးစိတ်

အဲဒီအကြောင်းကြောင့်ဖြစ်တဲ့ အကျိုးစိတ်ကလေး သိထားတဲ့အခါကျတော့ ကြားပြီးသကာလ နားထောင်လိုတဲ့ တဏှာကလေးလည်း ပေါ်ချင်ပေါ်လာတယ်. . . (မှန်ပါ့)၊

ပေါ်လာတော့ ကြားစိတ်ကလေးချုပ်သွားရော. . . (မှန်ပါ့)၊ ကြားစိတ်ကလေးချုပ်သွားတဲ့ အခါကျလို့ရှိရင်လည်း သြော်. . . ဒီဥစ္စာသည် အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားကလေး ဖြစ်လေသောကြောင့် အကြောင်းသတ္တိကုန်လို့ အကျိုးကြားစိတ် ကလေးချုပ်ရတာပဲ. . . (မှန်ပါ့)၊ ပုဂ္ဂိုလ်သတ္တဝါကလေးများ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးတဲ့၊ ဒီဥစ္စာ ဒကာ ဒကာမတို့ ဘုရားဟောကို၊ ဘုန်းကြီးပြောနေကြအတိုင်းဖြစ်တဲ့ ကြားစိတ် ကလေးသက်သက်ပဲ. . . (မှန်ပါ့)၊ ဒီကြားစိတ်ကလေးဟာ နားထဲ ပေါ်လာပြီး၊ နားထဲမှာပဲ သူသေသွားရှာတယ်. . . (မှန်ပါ့)၊ နားထဲ မှာ သေသွားတဲ့အခါကျတော့ ဒကာ ဒကာမတွေက သြော်. . . ဒါသည်ကားလို့ဆိုရင်ဖြင့် ဖြစ်ပေါ်လာတဲ့ တရားကလေးပဲ၊ ကြား တယ်ဆိုရင်ဖြစ်ပေါ်လာတာပဲ၊ မကြားတော့ဘူးဆိုရင်. . . (ပျက် သွားပါတယ်)၊ ပျက်သွားတဲ့ တရားကလေးပဲလို့ ဒကာသစ်တို့ မရှုနိုင်ဘူးလား. . . (ရှုနိုင်ပါတယ်ဘုရား)။

## သမ္မာဒိဋ္ဌိမျက်လုံး

ထိုကဲ့သို့ ရှုနိုင်တဲ့အခါကျလို့ရှိရင်ဖြင့် ဒါဟာ **သမ္မာဒိဋ္ဌိ** မျက်လုံးပါပဲ. . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့် **သမ္မာဒိဋ္ဌိမျက်လုံး** ဆိုရသတုံးဆိုတော့ဖြင့် ငါကြားတယ်ဆိုတဲ့ ဒီအပေါ်မှာ

**သက္ကာယဒိဋ္ဌိ** ငါကလည်းစွဲတယ်၊ ကြားတဲ့စိတ်ကလေးဟာ အမြဲရှိနေတယ်ဆိုတဲ့ **သဿတဒိဋ္ဌိ**ကော. . . (စွဲပါတယ်)၊ စွဲနေတော့ **သမ္မာဒိဋ္ဌိမျက်လုံး** တပ်ပေးလိုက်ပါရော. . . ဪ. . . ကြားတဲ့စိတ်ကလေးဟာ အကြောင်းတိုက်ဆိုင်လို့ပေါ်လာပြီး အကြောင်းချုပ်ငြိမ်း ရုပ်သိမ်းတဲ့အတွက် အကျိုးကလေးဟာ ပျက်စီးသွားရတော့တယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဒီလိုသိသွားတော့ ဪ. . . ခန္ဓာထဲမှာ ဖြစ်ပေါ်လေသမျှ ဒီလိုအကြောင်းတိုက်ဆိုင်လို့ ပေါ်ပြီးအကြောင်းရုပ်သိမ်းချုပ်ငြိမ်းတဲ့ တရားသာ ခန္ဓာထဲမှာ အပြည့်အနှက်ရှိတော့တယ်လို့ မယူနိုင်ဘူးလား. . . (ယူနိုင်ပါတယ်ဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါပျောက်သွားတယ်

ယူနိုင်တဲ့အခါကျတော့ ပုဂ္ဂိုလ်သတ္တဝါက ပျောက်သွားတယ်၊ ယောကျ်ားသေတာလည်း မဟုတ်ဘူး၊ မိန်းမသေတာလည်း မဟုတ်ဘူး. . . (မှန်ပါ့)၊ ခိုင်မြဲတဲ့ **သဿတဒိဋ္ဌိ**အယူကော . . . (ပျောက်ပါတယ်)၊ မရှိတော့ ဒီလိုမြင်လိုက်တဲ့ အခါကျတော့ ကြားစိတ်ကလေးဟာ ကြားတဲ့နေရာမှာ ပေါ်ပြီး ကြားတဲ့နေရာမှာပဲ ပျက်တယ်. . . (မှန်ပါ့)၊ နားထဲမှာ ကြားစိတ်ကလေးပေါ်တယ်. . . (မှန်ပါ့)၊ ဒီနေရာမှာပဲ တစ်ခါချုပ်ငြိမ်း ရုပ်သိမ်းသွားတော့။

## လျှပ်စီးလက်တယ်

အဒဿနတောအာယန္တိ၊ အဂ်ါဂစ္ဆန္တိဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိဝယန္တိစ။ *

ဆိုတဲ့အတိုင်း လျှပ်စီးကလေး တိမ်ကြားမှာပေါ်၊ တိမ်ကြားမှာပျောက်သလို ဒီမှာလည်း ကြားစိတ်ကလေးဟာလည်း နားထဲမှာ ပေါ်ပြီးတော့. . . (နားထဲမှာပျောက်ပါတယ်ဘုရား)။

ဒီလိုပျောက်တာကလေးသိတော့ ဩော်. . . အဖြစ်ကလေးကလည်း ရှိတာပဲ၊ အပျက်ကလေးလဲ. . . (ရှိတာပါပဲ)၊ ဒါကလေးကို ဒကာ ဒကာမတွေက သိနေတော့ ခန္ဓာထဲမှာ ပေါ်တာ ဒီလိုပဲ သူ့နေရာနဲ့ သူပေါ်တဲ့နေရာမှာ ပျောက်ကြမှာပဲ ဆိုတာကိုတော့ အမှန်မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ပေါ်တဲ့နေရာပျောက်တဲ့ဓမ္မတွေ

ဒီလိုမြင်လာတဲ့အခါကျတော့ ဩော်. . . ယောကျ်ားလည်း မရှိဘူး၊ မိန်းမလဲမရှိဘူး၊ ပေါ်တဲ့နေရာမှာ ပျောက်တဲ့ဓမ္မတွေဖြစ်တာပဲ. . . (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြပါ့မယ်. . . (ပေါ်တဲ့နေရာမှာ စုဖြစ်ပါတယ်ဘုရား)၊ ရုပ်တွေလည်း ဒီလိုပေါ့ဗျာ၊ နာမ်ဓမ္မတွေလည်း

---

* မဟာနဒွေသပါဠိတော် ၃၃- ဝိသုဒ္ဓိမဂ်ဒုတိယအုပ် ၂၆၀။

. . . (ဒီလိုပါပဲ)၊ ပေါ်တဲ့နေရာမှာပျောက်တယ်လို့ပဲ. . . (မှန်ပါ)၊ ဒီတော့ ပေါ်တဲ့နေရာမှာပျောက်တယ်၊ ပေါ်တဲ့နေရာမှာ ပျောက်တယ်လို့မြင်သွားတဲ့အခါကျတော့ ပေါ်တာကလေးသိလည်း ဒကာ ဒကာမတို့ အမြင်မှန်ပဲ. . . (မှန်ပါ့)၊ ပျောက်တာကလေးသိလည်း. . . (အမြင်မှန်ပါဘုရား)၊ တစ်သံသရာလုံးက ခုအချိန်ကျအောင် ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာဖြင့် ပေါ်လိုက်ပျောက်လိုက် ဓမ္မမှတစ်ပါး တခြားမရှိပါဘူး. . . (မရှိပါဘုရား)။

ဘာရှိကြသတုံး. . . (ပေါ်လိုက်ပျောက်လိုက်ပဲရှိပါတယ်)၊ ပေါ်လိုက် ပျောက်လိုက် ဓမ္မသာလျှင် ဒကာ ဒကာမတွေ **သန္တာန်**မှာ အနှံ့အပြားရှိပြီး သကာလနေတာလည်း ဒါကလေး ဉာဏ်နဲ့ကြည့်နေတော့ ဒီဥစ္စာသည် အမေသေတာလည်း မဟုတ်၊ အဖေသေတာလည်းမဟုတ်၊ ငါသေတာလည်း မဟုတ်၊ **အနိစ္စသဘောမို့ အနိစ္စ**ပြောတာပဲ. . . (မှန်ပါ့ဘုရား)။

## အနိစ္စသဘောမို့အနိစ္စပြောတာ

ဘယ်လို့ဆိုကြမယ်. . . (အနိစ္စသဘောမို့ အနိစ္စပြောတာပါဘုရား)။

အဲဒါကလေး ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့် အနိစ္စဆိုတာလည်း တကယ်ရှိ. . (မှန်ပါ့)၊ အနိစ္စရှိတာကို အနိစ္စရယ်လို့ တကယ်တန်းသိလိုက်တဲ့ အခါကျတော့ အရှိနဲ့ အသိ

တစ်ခါတည်းကိုက်သွားတယ်. . . (မှန်ပါ့)၊ အရှိန့် အသိမကိုက်ရင်. . . (မိစ္ဆာဒိဋ္ဌိပါဘုရား)။

ဩော်. . . မိစ္ဆာဒိဋ္ဌိမျက်လုံးကြီးနဲ့ တို့သံသရာတစ်ခုလုံးမှာ အရှိန့် အသိမကိုက်ခဲ့တဲ့ စုံလုံးကန်းအဖြစ်နဲ့ပဲ မွေးခဲ့ကြရ၊ စုံလုံးကန်းအဖြစ်နဲ့ နေခဲ့ကြရ၊ စုံလုံးကန်းအဖြစ်နဲ့ မသာဖြစ်ခဲ့ရ၊ ဒါတွေဟာ ဘာပါလိမ့်မတုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း မပွင့်လာ၊ **သုတဝါအရိယာ** သာဝကောဆိုတဲ့ တပည့်ကလည်း မဖြစ်ခဲ့ကြတော့ သံသရာတစ်လျှောက်လုံးမှာ ဒါကို အမေသေပြန်သတဲ့ အဖေသေပြန်သတဲ့ဆိုပြီး သကာလ **သောက ပရိဒေဝ**တွေနဲ့ချည့်ပဲ လမ်းဆုံးလာခဲ့ရတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ခန္ဓာထဲမှာဖြင့် နားထဲမှာ ပေါ်တဲ့ စိတ်ကလေးဟာလည်း ပေါ်ပြီးပျက်မှာပဲ၊ ဘယ်နေရာပေါ်၊ ဘယ်နေရာပျက်ပါလိမ့်. . . (နားထဲမှာပေါ် နားထဲမှာပျက်ပါတယ်ဘုရား)၊ နှာခေါင်းထဲပေါ်တဲ့စိတ်ကလည်း. . . (နှာခေါင်းထဲမှာပေါ် နှာခေါင်းထဲမှာ ပျက်ပါတယ်ဘုရား)၊ လျှာပေါ်ပေါ်တဲ့စိတ်ကလည်း. . . (လျှာပေါ်ပေါ် လျှာပေါ် ပျက်ပါတယ်ဘုရား)၊ ဝမ်းထဲပေါ်တဲ့စိတ်ကကော. . . (ဝမ်းထဲမှာပေါ် ဝမ်းထဲမှာပျက်ပါတယ်ဘုရား)၊ နေရာများ ရွေ့သေးသလား. . . (မရွေ့ပါဘုရား)။

## အရှိနဲ့အသိသွားကိုက်တယ်

အဲဒီကဲ့သို့ မရွေ့တာ ကိုယ့်စိတ်တွေကိုယ့်ဖြစ်ပျက်တွေ အနိစ္စတွေကို ဒကာ ဒကာမတွေက ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ကျတော့ ဩော်. . . ဒီဥစ္စာ နဂိုက ဖြစ်ပျက်ရှထားလို့ ဖြစ်ပျက်တဲ့ သဘောပဲရှိတယ်၊ ဖြစ်ပျက်သဘောပဲဆိုတော့ အရှိနဲ့အသိ သွားကိုက်တယ်. . . (မှန်ပါ့)၊ အရှိနဲ့အသိ သွားကိုက်တဲ့အခါ ကျတော့ ဒကာ ဒကာမတို့ ဆုံးဖြတ်ချက်ချတော့ ဩော်. . . **သမ္မာက မှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ**. . . (မှန်ပါ့)၊ အသိက တစ်ခါတည်း အမှန်အသိမကျဘူးလား. . . (ကျပါတယ်)၊ **သမ္မာဒိဋ္ဌိ**လို့ ဘုရားက ဟောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## ဖြစ်တာပျက်တာသိရင်သမ္မာဒိဋ္ဌိ

အဖြစ်သိရင်လည်း **သမ္မာဒိဋ္ဌိ**. . . (မှန်ပါ့)၊ ပျက်တာ သိရင်လည်း. . . (သမ္မာဒိဋ္ဌိပါဘုရား)၊ ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ လည်း ဖြစ်မှုပျက်မှုမှတစ်ပါး ဘာရှိသေးသတုံး. . . (ဘာမှ မရှိ ပါဘုရား)၊ အဖြစ်သိရင်လည်း. . . (သမ္မာဒိဋ္ဌိပါ)၊ အပျက်သိရင် လည်း. . . (သမ္မာဒိဋ္ဌိပါဘုရား)။

ဩော်. . . ဒါဖြင့် သမ္မာဒိဋ္ဌိဆိုတာ တခြားလားအောက် မေ့နေတယ် အရှိနဲ့အသိကိုက်ဖို့ရာ သမ္မာဒိဋ္ဌိပါကလား. . . (မှန်ပါ့)၊ ဒကာကြွယ် ဘာတဲ့တုံး. . . (အရှိနဲ့အသိကိုက်ရင် သမ္မာဒိဋ္ဌိပါဘုရား)။

ဒကာ ဒကာမတို့ အိမ်ကျတော့ ဖြစ်ပျက်ကို ရှုကြနော် . . . (မှန်ပါ့)၊ အိမ်ကျတော့ ရှုကြပါ၊ မြင်စိတ်ကလေးဟာလည်း မျက်လုံးထဲ ပေါ်လာပြီး မျက်လုံးထဲမှာပဲ သူသည် သေသွားတယ်၊ ပျောက်သွားတယ်ဆိုတော့ ဩော်. . . ဒါကြောင့် **ဝိညာဏက္ခန္ဓာ** ဟာ **အနိစ္စ**ဖြစ်တော့ ဒီနေရာဖြစ်ပြီး ဒီနေရာမှာ ပျောက်တာပါ လားလို့ မသိဘူးလား. . . (သိပါတယ်ဘုရား)။

## ဒီနေရာမှာပေါ် ဒီနေရာမှာပျောက်

သိလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ နားထဲမှာပေါ်တဲ့ စိတ်လည်း ဒီနေရာမှာပေါ် ဒီနေရာမှာပျောက်ဆိုတာ သိပြီး သကာလနေကြလို့ရှိရင်ဖြင့် ငါခက်ပြီဆိုတာ လာသေးရဲ့လား . . . (မလာပါဘုရား)၊ ငါတော့ဖြင့် ကိုယ်ကျိုးနည်းပြီဆိုတာကော . . . (မလာပါဘုရား)၊ မလာတော့ပါဘူးတဲ့၊ ဘာကြောင့်တုံးဆို တော့ ဒီအရှိန့် ဘုရားကမိတ်ဆွေအဖြစ်နဲ့ပဲယူပါဆိုပြီး ပေးထားတဲ့ **သမ္မာဒိဋ္ဌိဉာဏ်**နဲ့ ဒီနေရာမှာဖြစ်ပြီး ဒီနေရာမှာသေတယ်လို့ နောက်ကမဂ္ဂင်ငါးပါးနဲ့ အသိပေးလိုက်တာကိုးဗျ. . . (မှန်ပါ့)၊ မဂ္ဂင်ငါးပါးနဲ့ အသိပေးလိုက်တော့ အရှိန့်အသိဟာ ဒကာကြွယ် ဘယ့်နှယ်နေသတုံး . . . (ကိုက်ပါတယ်ဘုရား)၊ ရှိတဲ့ပစ္စည်းနဲ့ မြင်တဲ့ပစ္စည်းနဲ့ သွားကိုက်တယ်. . . (မှန်ပါ့)၊ ဒါဖြင့် ဒါဟာ **သမ္မာဒိဋ္ဌိ**ဆိုရုံပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီ သမ္မာဒိဋ္ဌိကလည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီ**သမ္မာဒိဋ္ဌိ**ကျေးဇူးကို ပြောချင်တာက ဒီ**သမ္မာဒိဋ္ဌိ**လာလို့ရှိရင် ကြားတယ်လို့ ဆိုလို့ရှိရင်ဖြင့် အို . . . သူကြားတာတော့ ကြားတာပဲ . . . ကျုပ်ဖြင့် ဒီအသံကြားတာနဲ့ ငိုချင်လာတယ် . . . (မှန်ပါ့)၊ ဟော . . . ငိုချင်လာတယ်ဆိုတော့ **ပရိဒေဝ**တွေ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ငိုချင်ရတာတုံးဆိုတော့ ဒကာ ဒကာမတို့ ကြားတဲ့စိတ်ကလေး၏ ဖြစ်ပျက်ကိုလည်း သူမရှုမိဘူး . . . (မှန်ပါ့)၊ ကြားတဲ့စိတ်ကလေးကို သူမရှုတဲ့အခါကျတော့ ဟိုအိမ်က ငိုသံကြားတာနဲ့ ဒီကြားစိတ်ကလေး အကြောင်းရင်းခံပြီး သူနားမကြားရင်လည်း ငိုမည်မဟုတ်ဘူး . . . (မှန်ပါ့)၊ နားကြားတော့ ဒကာကြွယ် ငိုချင်စိတ်ကလေးဟာ မလာဘူးလား . . . (လာပါတယ်ဘုရား)။

## ကြားစိတ်ကလေးငါထင်တယ်

အဲဒီတော့ ကြားတာကလေးဟာ ငါကိုယ်တိုင်ကြားလို့ ငိုချင်တာပေါ့ . . . . သူများပြောသံကြားဆိုရင် ငါမငိုဘူး . . . (မှန်ပါ့)၊ သွားပြီ ဒကာ ဒကာမတို့ ကြားစိတ်ကလေး ငါထင်ပြီး သကာလ ငိုချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ကလေးဟာ လာတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ကြားစိတ်ကလေးကိုလည်း ဒကာ ဒကာမ တွေက ကြားစိတ်ကလေးပေါ်ပြီး ကြားစိတ်ကလေးတွေက သြော်. . . ကြားစိတ်ကလေးပေါ်ပြီး ကြားစိတ်ကလေး ပျက်တာ ပါကလားလို့ **မဂ္ဂင်ငါးပါး**နဲ့ နောက်ကလိုက်ပေးပါ . . . (မှန်ပါ့)၊ လိုက်ပေးတဲ့အခါကျတော့ ငိုချင်တာတွေ လာသေးရဲ့လား . . . (မလာပါဘုရား)၊ စိုးရိမ်တာတွေ . . . (မလာပါဘုရား)။

သူတို့အိမ်က ဒီလိုငိုလိုက်တော့ ကျုပ်လည်း ကျုပ်မှာ သေပြီးသား ပုဂ္ဂိုလ်တွေရှိတော့ ဆက်ပြီးငိုချင်တာပဲဆိုပြီး သကာလ ဒကာကြွယ် ဒါမျိုးများတောင် မလာဘူးလား . . . (လာပါတယ်ဘုရား)၊ အဲဒါ ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆို တော့ ကြားစိတ်အပေါ်၌ ငါစွဲပြီး ငါကြားတာနဲ့ ငါငိုချင်တာပဲဟော့ တဲ့ . . . (မှန်ပါ့)၊ ကြားစိတ်က ငါဖြစ်သွားပြီ . . . (မှန်ပါ့)။

## ကြားစိတ်ဟာအနိစ္စ

ကြားစိတ်က ငါဖြစ်သွားတော့ ငါငိုချင်တယ်ဆိုတဲ့ သောကတွေ ဘယ့်နှယ်တုံး . . . (လာပါတယ်ဘုရား)၊ အဲဒါ တွေက နောက်ကလိုက်လာတာ၊ ကြားစိတ်ကို ငါထင်နေ တယ်ဆိုတော့ ဘုရားပေးတဲ့ **သမ္မာဒိဋ္ဌိမျက်လုံး** ကို မရဘူး၊ ကြားစိတ်ဟာ **အနိစ္စ**ပါလားလို့ယူတဲ့ **သမ္မာဒိဋ္ဌိမျက်လုံး**ရရင် ငိုဖြစ်ပါ့မလား . . . (မငိုဖြစ်ပါဘုရား)။

အဲဒီမျက်လုံးမရတော့ သူတို့မှာ ဘယ့်နှယ်ဖြစ်ပြီး သကာလ နေသတုံး၊ ငါကိုယ်တိုင်ကြားတော့ ငါမနေနိုင်တော့ဘူး . . . (မှန်ပါ့)၊ ကြားစိတ်ကို ငါလုပ်လိုက်တာနဲ့ ငါမနေနိုင်တော့ဘူးဆိုတဲ့ မျက်ရည်တွေ တစ်ခါတည်းထွက်လာတယ် . . . (မှန်ပါ့)၊ မထွက်ဘူးလား . . . (ထွက်ပါတယ်ဘုရား)။

ဒါတွေကို တစ်ခါ ဦးလှဘူးတို့က စဉ်းစားကော့ ဩော် . . . မိစ္ဆာဒိဋ္ဌိနဲ့ကြားစိတ်ကို ငါလုပ်တဲ့အတွက် **မိစ္ဆာဒိဋ္ဌိ မျက်လုံးနဲ့** ကြည့်မိလို့ ကြားစိတ်ကို ငါပဲထင်တာ၊ ငါကိုယ်တိုင်ကြားလို့ ငါငိုချင်တာပဲ၊ ကြားစိတ်ကို ငါလုပ်လိုက်တယ်၊ ဒါကြောင့် ငါငိုချင်တယ်ဆိုတာ မလာဘူးလား . . . (လာပါတယ်ဘုရား)၊ ဒါဟာ ကြားစိတ်ကို ငါထင်လိုက်တာပဲ . . . (မှန်ပါ့)။

အဲဒီတော့ ဘုရားက **သမ္မာဒိဋ္ဌိမျက်လုံး** ထည့်ပေးတယ်၊ မင်းတို့ ကြားစိတ်ကို ငါထင်လို့ရှိရင်ဖြင့် ငိုချင်တယ်ဆိုတာ စသည်တွေ လာမှာစိုးလို့ . . . (မှန်ပါ့)၊ အခု ထမင်းစားပျက်တာ ငိုချင်တာ၊ အိမ်ပေါ်က ခုန်ဆင်းချင်တာ ကိစ္စမရှိသေးဘူး၊ အပါယ်ထဲရောက်ရဦးမယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)၊ အဲဒါ **မိစ္ဆာဒိဋ္ဌိမျက်လုံး**ရှိသောကြောင့် သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ **အပါယ်**တွေ ပါလာရတယ် ဆိုတာ ဒကာသစ်တို့မှတ်ကြစမ်းပါ . . . (မှန်ပါ့ဘုရား)။

## သမ္မာဒိဋ္ဌိမျက်လုံးနဲ့ကြည့်လိုက်ပါ

ကဲ . . . ဒါဖြင့် ကြားတဲ့စိတ်ကလေးကို ဪ . . . ဒီနေရာတွင်ပေါ်ပြီး ဒီနေရာတွင် ပျက်တာပဲလို့ **သမ္မာဒိဋ္ဌိမျက်လုံး** နဲ့ ကြည့်ပေးလိုက်ပါ . . . (မှန်ပါ့)၊ ကြည့်ပေးလိုက်တဲ့အခါ ကျလို့ရှိရင် ကြားစိတ်ကလေးဟာလည်း မိမိခန္ဓာထဲမှာ ကြားတဲ့ ဝိညာဏက္ခန္ဓာကလေးကိုလည်း ဖြစ်ပြီးတော့ ပျက်သွားတဲ့ အတွက် ဖြစ်တာကလေးကိုလည်း ကိုယ့်ဉာဏ်ထဲမှာ ဖြစ်လို့ ပျက်တာပဲဆိုတာ မသိဘူးလားဗျာ . . . (သိပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်တာလည်းသိ၊ ပျက်တာလည်းသိနေတော့ ဪ. . . **အနိစ္စ**ရှိလို့ **အနိစ္စ**ကိုသိတာကိုး . . . (မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ . . . (အနိစ္စရှိလို့ အနိစ္စသိတာပါဘုရား)၊ **အနိစ္စ**ရှိလို့ **အနိစ္စ**သိတော့ ဒကာ ဒကာမတို့ ခုနင်က **သောက**၊ **ပရိဒေဝ**၊ **ဒုက္ခ**၊ **ဒေါမနဿ**တွေ အပါယ်ကျအောင် ဒကာသစ် လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)၊ ဘယ်မျက်လုံး ကြောင့်ပါလိမ့်ဗျာ . . . (သမ္မာဒိဋ္ဌိမျက်လုံးကြောင့်ပါဘုရား)။

ခုနင်က **မိစ္ဆာဒိဋ္ဌိမျက်လုံး**နဲ့တုန်းကတော့ ဟိုအိမ်ကငိုသံ ပါနဲ့ ပြောလိုက်တာနဲ့ ငိုတဲ့အသံတွေ ထွက်လာတယ် . . . (မှန်ပါ့)၊ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ငါကြားလို့ . . . (မှန်ပါ့)၊ ဪ . . . ကြားတဲ့စိတ်ကလေးကို သူများပြောသံ ကြားတာနဲ့ ငါလုပ်ထားတယ် . . . (မှန်ပါ့ဘုရား)။

ငါလုပ်ထားတော့ **ဝိညာဏက္ခန္ဓာကလေး** ဖြစ်ပျက်နေတယ်ဆိုတာ မသိတဲ့ မိစ္ဆာဒိဋ္ဌိ ကူးစက်ပြီးသကာလ ဒကာ ဒကာမတို့ **သောကပရိဒေဝတွေ** မလာဘူးလား . . . (လာပါတယ်ဘုရား)၊ မလာပါနဲ့ဆိုလို့ . . . (မရပါဘုရား)၊ အဲဒါမရတာဘာ့ကြောင့်ပါလိမ့်မတုံးလို့ အကဲခတ်ကြည့်တော့ ခုနင်က **'သောတဝိညာဏံ အနိစ္စ'** ဆိုတဲ့ ဖြစ်ပျက်မရှုမိလို့ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဖြစ်ပျက်မရှုမိတော့ကို ဒကာ ဒကာမတို့ငါခက်တာပဲ၊ ငါကြားကို ငါမကြားချင်ဘူး၊ ငါကြားရရင် ငါမနေနိုင်ဘူး၊ ဟော . . . ကြားစိတ်လည်းငါ၊ ငါမနေနိုင်ဘူးလည်း သုံးလိုက်သေးတယ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ **သမ္မာဒိဋ္ဌိမျက်လုံးမရရင်** ငိုပွဲနဲ့ **အပါယ်ပွဲဟာ** ကိုယ်ပိုင်ပစ္စည်းလို့မှတ် . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ **သမ္မာဒိဋ္ဌိမျက်လုံး** မရတဲ့ပုဂ္ဂိုလ်၏ ပစ္စည်းလို့ မှတ်ကြပါ . . . (မှန်ပါ့ဘုရား)။

## အငိုတိတ်အောင်ပေးတာ

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးပေးတဲ့ ပစ္စည်းကို မိတ်ဆွေကောင်းတစ်ဦးက မေတ္တာရှေ့ထား ကရုဏာ

ပွားပြီး ပေးတယ်ဆိုပြီး ခင်ဗျားတို့ အငိုတိတ်အောင် ပေးလာတာကို ခင်ဗျားတို့ လက်မခံချင်ဘူးဆိုတဲ့ အဓိပ္ပါယ်ရောက်တယ် . . . (မှန်ပါ့)၊ အဲဒီတော့ ယူသင့်မယူသင့် . . . (ယူသင့်ပါတယ်ဘုရား)၊ ပေါ်ကြပလား . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်စိတ်ကလေး ပေါ်လာလာ ဒီနေရာပေါ်ရင် . . . (ဒီနေရာမှာပဲပျက်တာပါဘုရား)၊ ဘယ်ရုပ်ကလေးပေါ်လာလာ . . . (ဒီနေရာပဲပေါ်ဒီနေရာပဲပျက်ပါတယ်ဘုရား)၊ ဒါဖြင့် ကိုယ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါတွေ ပါသလားတဲ့ အဖြစ်နဲ့ အပျက်ပဲရှိသလား . . . (အဖြစ်နဲ့ အပျက်ပဲရှိပါတယ်ဘုရား)။

အဖြစ်နဲ့ အပျက်ပဲရှိတယ်ဆိုတော့ ဖြစ်တာကို မြင်တဲ့အခါကြရင် **ပဋိစ္စသမုပ္ပာဒ်**ဖြစ်တာကိုမြင်ပြီ . . . (မှန်ပါ့) စဖြစ်တာဟာ **ပဋိစ္စသမုပ္ပာဒ်**ပေါ့ဗျာ . . . (မှန်ပါ့)၊ ဖြစ်တာကလေးကိုမြင်လို့ရှိရင် **ဥစ္ဆေဒဒိဋ္ဌိ** လွတ်ပါပြီ . . . (မှန်ပါ့)၊ ပျက်တာကလေးမြင်ရင် . . . (သဿတဒိဋ္ဌိလွတ်ပါတယ်ဘုရား)။

## အပါယ်တံခါးပိတ်တဲ့မျက်လုံး

အဲဒီတော့ အလယ်မျက်လုံးရပြီ . . . (မှန်ပါ့) * အဲဒီအလယ်မျက်လုံးနဲ့ **သဿတ ဥစ္ဆေဒ**မပါဘဲနဲ့ သြော် . . .

---

* မဇ္ဈိမပဋိပဒါမျက်လုံးဟု ဆိုလိုသည်။

ဖြစ်မှုနဲ့ ပျက်မှုသာ ရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိပါလား၊ ငါလည်းမဟုတ် သူလည်းမဟုတ်ပါကလား၊ ဖြစ်တတ်တဲ့ ပျက်တတ်တဲ့ ဓမ္မသာရှိပါလားလို့ ဒီလိုသိလို့ရှိရင် **သမ္မာဒိဋ္ဌိမျက်လုံး သောကပရိဒေဝကို အကုန်သတ်နိုင်တဲ့** ငြိမ်းနိုင်တဲ့မျက်လုံးပဲ၊ **အပါယ်လေးပါးတံခါး** ပိတ်တဲ့မျက်လုံးပဲ . . . (မှန်ပါ့)၊ ဒကာ ဒကာမတို့ ဘာမျက်လုံးတဲ့ဗျာ . . . (သမ္မာဒိဋ္ဌိမျက်လုံးပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ **အပါယ်လေးပါး** တံခါးပိတ်တဲ့နည်းဟာ **အပါယ်လေးပါးတံခါး** ပိတ်ရပါလို၏ဆိုရုံနဲ့တော့ မဖြစ်နိုင်သေးဘူး . . . (မှန်ပါ့)၊ **အပါယ်လေးပါး** တခါးပိတ်တဲ့ မျက်လုံးနဲ့ ခင်ဗျားတို့ ခန္ဓာကိုကြည့်ရမယ် . . . (မှန်ပါ့)၊ သူတစ်ပါး ခန္ဓာကော . . . (ကြည့်ရပါမယ်ဘုရား)။

## ဖြစ်ပျက်မြင်ရင်သမ္မာဒိဋ္ဌိပါပဲ

ကြည့်ရတဲ့အခါကျတော့ ခန္ဓာဟူသမျှသည်ကားလို့ ဆိုရင် ဇာတိ၊ ဇရာ၊ မရဏ၊ ဖြစ်ပျက်မှုတို့နဲ့သာ နေတာပါကလားလို့ မြင်လာလို့ရှိရင် ဒီအမြင်လည်း သမ္မာဒိဋ္ဌိပါပဲ . . . (မှန်ပါ့)၊ အပျက် မြင်ရင်လည်း . . . (သမ္မာဒိဋ္ဌိပါဘုရား)။

အဲဒီ**သမ္မာဒိဋ္ဌိ**သည် ဒကာ ဒကာမတို့ နဂိုက ရှိတာကို အမှန်သိတာ . . . (မှန်ပါ့)၊ နဂိုကရှိတာ အမှန်သိဆိုတော့ ဒါ ဘုရားပေးတဲ့မျက်လုံး . . . (မှန်ပါ့)၊ အမေ အဖေပေးတဲ့

မျက်လုံးကတော့ နင့်မျက်လုံးကန်းနေသလား ဟော . . . ငါတဲ့ . . . (မှန်ပါ့)၊ ငါ့လိုဆိုရင်တော့ ခက်သေးတယ် . . (မှန်ပါ့)၊ နင့်မျက်လုံးတဲ့ နင်ပိုင်တဲ့မျက်လုံး ယူထားတယ်. . . (မှန်ပါ့)၊ ဘယ်လောက်ဆိုးသွားသတုံး. . . (ဆိုးသွားပါတယ်ဘုရား)၊ နင့်မျက်လုံးနင်ကန်းနေသလားတောင် အော်လိုက်သေးတယ် . . (မှန်ပါ့ဘုရား)။

ဩော် . . . ဒကာကြွယ်ရေ ဒါဖြင့် နင်ကန်းတဲ့ အခါကျတော့ ဒီပုဂ္ဂိုလ်က မငိုပေဘူးလား၊ ငိုမလား . . . (ငိုပါမယ်ဘုရား)၊ နင့်မျက်လုံးလို့ သင်ထားတော့ ဒီကသားလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း နင့်မျက်လုံးပဲ မှတ်ထားလိုက်တယ် . . . (မှန်ပါ့)၊ ကိုယ့်မျက်လုံးကလေးအကြောင်း မညီညွတ်လို့ ပျက်စီးသွားတဲ့အခါ ကျပ်ကိုယ်ကျိုးနဲ့ပေါ့ဆိုတဲ့ **သောက**၊ **ပရိဒေဝ** မလာဘူးလား . . . (လာပါတယ်ဘုရား)။

နဂိုကတည်းက ဒီအကြောင်း တိုက်ဆိုင်လို့ပေါ်လာတယ်၊ အကြောင်းချုပ်လို့ ချုပ်သွားတယ် ဖြစ်မှုနဲ့ပျက်မှုပဲရှိတယ် ဆိုတော့ နဂိုကတည်းက ဖြစ်ပျက်ရှိနေတော့ ငါ့မျက်လုံးရယ်လို့ ယူသေးရဲ့လား . . . (မယူပါဘုရား)။

အဖြစ်မြင်တော့ ပြတ်တယ်ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိမရှိပါဘူး . . . (မရှိပါဘုရား)၊ အပျက်မြင်ပြန်တော့လည်း ခိုင်တယ်၊ မြဲတယ်ယူတဲ့ **သဿတဒိဋ္ဌိ**ကော . . . (မရှိပါဘုရား)။

## သသတနဲ့ဥစ္ဆေဒလွတ်တယ်

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ အဖြစ်အပျက်ကို မြင်လို့ ရှိရင်ဖြင့် **သဿတနဲ့** ဥစ္ဆေဒလွတ်တဲ့ **သမ္မာဒိဋ္ဌိ၊ သဿတနဲ့** ဥစ္ဆေဒကြားမှာသွားတဲ့ **သမ္မာဒိဋ္ဌိမျက်လုံးဆိုတဲ့** အလယ်လမ်း မျက်လုံးရပါတယ် . . . (မှန်ပါ့)၊ ရှင်ပလား . . . (ရှင်းပါပြီ ဘုရား)။

ဘယ်လိုမျက်လုံးရပါလိမ့် . . . (အလယ်လမ်းမျက်လုံး ရပါတယ်ဘုရား)၊ အလယ်လမ်းမျက်လုံး ရတယ်ဆိုတာ ကျေနပ် ပလား . . . (ကျေနပ်ပါပြီဘုရား)။

ဟာ . . . ဒါဖြင့် သဿတလမ်းကလည်း ဒကာ ဒကာမ တို့ **သုဂတိနဲ့ အပါယ်သွားတာပဲ** . . . (မှန်ပါ့)၊ ဥစ္ဆေဒလမ်းက လည်း **အပါယ်သွားတာပဲ** . . . (မှန်ပါ့)၊ အဲဒီသုဂတိလမ်းကို လည်း မရောက်ဘဲနဲ့ **သဿတဥစ္ဆေဒမျက်လုံးဖြစ်နေတော့** ဖြစ်မှု ပျက်မှုသာ ရှိတော့တယ်ဆိုတော့ **သဿတကောမစင်ဘူးလား** . . . (စင်ပါတယ်)၊ ဥစ္ဆေဒကော . . . (စင်ပါတယ်)၊ **သမ္မာဒိဋ္ဌိ** ဆိုတာ ဒါပဲ . . . (မှန်ပါ့)။

## အလယ်လမ်းကမြင်တာ

အလယ်လမ်းက မြင်တာဘာဆိုကြမယ် . . . (သမ္မာဒိဋ္ဌိ ပါဘုရား)၊ သဿတကော မြင်သေးရဲ့လား . . . (မမြင်ပါဘုရား)၊

ဥစ္ဆေဒကောရှိသေးရဲ့လား (မရှိပါဘုရား)၊ ဖြစ်တာမြင်ကတည်းက ဥစ္ဆေဒစင်ပြီ၊ ဒီတရားကလေးပျက်တာ မြင်ကတည်းက . . . (သဿတစင်ပါတယ်)၊ ဒါဖြင့် ဖြစ်ပျက်သာရှိတယ်ဆိုတဲ့ မျက်လုံးကို ဘာမျက်လုံးခေါ်ကြမလဲ . . . (သမ္မာဒိဋ္ဌိမျက်လုံး ပါဘုရား)။

အဲဒါသည်ကားလို့ဆိုလို့ရှိရင် ဘုရားပေးတဲ့ မျက်လုံးပဲ . . . (မှန်ပါ့)၊ ဆရာသမားကတစ်ဆင့်ဟောပြတဲ့မျက်လုံးပဲ . . . (မှန်ပါ့)၊ ဆိုနိုင်ကြပလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဖြစ်မှုပျက်မှုတစ်ပါးဘာမှမရှိ

အဲဒီတော့ ခန္ဓာကိုယ်ကို ဒကာသစ်တို့ တစ်ကိုယ်လုံးမှာ ဖြင့် ဖြစ်မှုပျက်မှုမှတစ်ပါး ဘာမှမရှိပါကလားဆိုတာ မလာပေဘူး လား . . . (လာပါတယ်ဘုရား)၊ ဒီလိုလာလို့ရှိရင် ဘာမျက်လုံး ဖြစ်သွားမလဲ . . . (သမ္မာဒိဋ္ဌိမျက်လုံးပါဘုရား)။

အဲဒီတော့ ဘုန်းကြီးကပြောတုန်းက **သုတမယဉာဏ်**နဲ့ ခင်ဗျားတို့ ဉာဏ်ထဲမှာရောက်ပါပြီ . . . (မှန်ပါ့)၊ ဩော် . . . **သမ္မာဒိဋ္ဌိမျက်လုံး**ဆိုတာ တခြားမဟုတ်ပါဘူး၊ **သဿတဥစ္ဆေဒ** လွတ်ပြီး မြင်တဲ့မျက်လုံးကို ဘာခေါ်ကြမယ် . . . (သမ္မာဒိဋ္ဌိ မျက်လုံးပါ)၊ တမြင်တည်းမြင်နေတယ်ဆိုရင် သဿတပဲ၊ မြင်တာ ကလေးလုံးဝပြတ်သွားတယ်ဆိုရင်လည်း . . . (ဥစ္ဆေဒမျက်လုံးပါ ဘုရား)။

အခုတော့ဖြင့် ဒကာ ဒကာမတို့ မြင်လိုက်ပျက်လိုက်။ မြင်လိုက်ပျက်လိုက်၊ မြင်လိုက်မမြင်လိုက် ဒီလိုမနေဘူးလား . . . (နေပါတယ်ဘုရား)၊ အဲ . . . မြင်လိုက် မမြင်လိုက် ဒီလိုနေတဲ့ အခါကျတော့ မြင်နေတဲ့ဟာ **စက္ခုဝိညာဏ်စိတ်ကလေး**ဖြစ်နေ တာပဲ မမြင်တော့ဘူးဆိုရင် မြင်တဲ့စိတ်ကလေး ဘယ့်နှယ်တုံး . . . (ပျက်သွားပါတယ်ဘုရား)။

## သသာတဒိဋ္ဌိစင်တယ်

အဲဒီတော့ ဒကာသစ်တို့က ဩော် . . . ဖြစ်မှု ပျက်မှုသာ ရှိတယ်လို့ မယူပေဘူးလား . . . (ယူပါတယ်ဘုရား)၊ ခိုင်နေမှု ပြတ်သွားမှုရှိရဲ့လား . . . (မရှိပါဘုရား)၊ ဘာရှိပါလိမ့် . . . (ဖြစ်မှု ပျက်မှုပဲရှိပါတယ်ဘုရား)။

အဲဒီတော့ ဖြစ်မှုပျက်မှုပဲရှိတယ်ဆိုတော့ **သသာတဒိဋ္ဌိ** မစင်လား . . . (စင်ပါတယ်ဘုရား)။

ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း အဲဒီ လို **ပဋိစ္စသမုပ္ပါဒ်** တရားမှာပျက်မှု ကလေးမြင်ပြန်တော့လဲ . . . (သသာတစင်ပါတယ်)၊ **ခိုင်တယ်မြဲတယ်**ဆိုတဲ့ **သသာတ**ယူသေး ရဲ့လား . . . (မယူပါဘုရား)၊ ဩော် . . . ၃၁ ဘုံမှာဖြင့် ဘာရှိပါ လိမ့် . . . (ဖြစ်မှုပျက်မှုသာရှိပါတယ်)၊ အင်း . . . ဒီအမြင်၊ ဘာအမြင်ပါလိမ့်ဗျာ . . . (သမ္မာဒိဋ္ဌိအမြင်ပါဘုရား)၊ **သသာတ**

လမ်းလား၊ **ဥစ္ဆေဒ**လမ်းလား . . . (မဟုတ်ပါဘုရား)၊ ဟာ . . . ဒါဖြင့် အလယ်လမ်းရောက်ပြီ . . . (မှန်ပါ့)၊ အလယ်လမ်း ဆိုတော့ ဒီအမြင်သည် မဂ္ဂင်ပါမပါ . . . (ပါပါတယ်ဘုရား)။

ဒါဖြင့် **မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ**ဆိုတဲ့ အလယ်လမ်း အမြင်ကော မရသေးဘူးလား . . . (ရပါတယ် ဘုရား)။

ဒါဖြင့် ဒီအမြင်ရလို့ရှိရင်ဖြင့် ဒီအမြင်သည် ဆရာဘုန်းကြီး ပြောတဲ့အမြင်ပဲ၊ ဆရာဘုန်းကြီးပြောလို့ ကြားသိရပြီ၊ သဘာကျပ လား . . . (ကျပါပြီ)၊ အိမ်ရောက်တဲ့အခါမှာ ဖြစ်စေ၊ လမ်းမှာ ဖြစ်စေ ဘယ်နေရာမှာပေါ်ပေါ် ခြေဖဝါးပြင်ပေါ်တဲ့ စိတ်ကလေး ကြည့်လိုက်ပြန်လည်း ဒီနေရာပေါ်ပြီးနောက် . . . (ဒီနေရာမှာပဲ ပျက်တာပဲ)၊ ခြေဖဝါးယားတဲ့ စိတ်ကလေးဟာကော . . . (ဒီနေရာပေါ်ပြီးတော့ ဒီနေရာပျက်ပါတယ်ဘုရား)။

ဒါကလေးတွေမြင်မြင်၊ မြင်ပြီးသကာလနေတော့ သဿ တအမြင် **ဥစ္ဆေဒ**အမြင်ဟာ သူတစ်ပါး ပါးစပ်မှာ လမ်းဆုံးတာ လား ကိုယ့်ဉာဏ်ကိုယ်မြင်တာလား . . . (ကိုယ့်ဉာဏ်ကိုယ်ပိုင် မြင်တာပါ) အဲဒါသမ္မာဒိဋ္ဌိပဲ၊ အဲဒါအမြင်မှန်ပဲ . . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ပြောသံကြားအမြင်လမ်းမဆုံးနဲ့

ဒါဖြင့် သူတစ်ပါးပြောသံကြားနဲ့ မြင်နေတဲ့ အမြင်ကို ဒကာ ဒကာတို့ လမ်းမဆုံးဘဲနဲ့ ကိုယ်တိုင်ရှုပွားတဲ့ အမြင်မှာလမ်းဆုံးကြမယ်ဆိုရင် ဒါ တစ်သံသရာလုံး ကန်းလာတဲ့ မျက်လုံးဟာ အလင်းရတဲ့နေ့လို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါသမ္မာဒိဋ္ဌိဆိုတာ အမြင်မှန်ပေါ့ဗျာ . . . (မှန်ပါ့)၊ သောတာပန်လည်း ဒီအမြင်ကို မြင်တာပဲ၊ သကဒါဂါမ် ကော. . . (ဒီလိုမြင်တာပါပဲ)၊ **အနာဂါမ်**ဖြစ်တဲ့ ပုဂ္ဂိုလ်ကော . . . (ဒီလို ပဲမြင်ပါတယ်)၊ **ရဟန္တာ**ဖြစ်တဲ့ ပုဂ္ဂိုလ်ကော . . . (ဒီလိုမြင်တာပါပဲ ဘုရား)။

အဲဒီတော့ ဒီအမြင်ကို တပည့်တော်တို့ အခုဆရာသမား ပြောလို့ ယားတယ်၊ ယားတဲ့ဝေဒနာကလေးသည် ဤနေရာမှာ ပေါ်ပြီး ဤနေရာမှာပျောက်တယ်၊ နာတယ်၊ နာတဲ့ဝေဒနာ ကလေးဟာ ဤနေရာမှာပေါ်ပြီး ဤနေရာမှပျောက်တယ်လို့ တပည့်တော်တို့ လိုက်ရှုနေတယ်ဘုရား့၊ လိုက်ရှုနေရင် ခင်ဗျားတို့ ပေါ်တာလည်းသိ၊ ပျက်တာလည်းသိဆိုတော့ ခင်ဗျားတို့ အလယ်လမ်းနဲ့ သိပါပြီ . . . (မှန်ပါ့ဘုရား)။

အဲဒါ သူတစ်ပါး ပြောတာလား၊ ကိုယ်ပိုင်ဉာဏ်နဲ့ တွေ့တာလား . . . (ကိုယ်ပိုင်ဉာဏ်နဲ့ပါဘုရား)၊ ကိုယ်ပိုင်ဉာဏ် နဲ့ တွေ့တဲ့အခါကျလို့ရှိရင်ဖြင့် '**ဧတ္တာဝတာခေါကစ္စာန သမ္မာဒိဋ္ဌိ**

**ဟောတိ' သမ္မာဒိဋ္ဌိဉာဏ်**ဖြစ်တာပါပဲတဲ့ . . . (မှန်ပါ့)၊ သူတစ်ပါး ပြောတဲ့ ဉာဏ်မဟုတ်တော့ဘူး . . . (မှန်ပါ့)၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိတာပဲ . . (မှန်ပါ့ဘုရား)။

## အပါယ်အထိုက်အလျောက်ပိတ်ပြီ

အဲဒီတော့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိသွားတော့ **သဿတဒိဋ္ဌိ**ဝမ်းထဲမှာ ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ **ဥစ္ဆေဒ ဒိဋ္ဌိ**ကော . . . (မရှိပါဘုရား)၊ ထိုကဲ့သို့ မရှိရင် ဒါဟာ အပါယ်တံခါး အထိုက်အလျောက်ပိတ်ပြီ . . . (မှန်ပါ့)၊ ဒီ ဒိဋ္ဌိနှစ်ခု အပါယ် ပို့နေတာကိုး . . . (မှန်ပါ့ဘုရား)။

ဒီ ဒိဋ္ဌိနှစ်ခု အပါယ်ပို့နေတာ ဒီ ဒိဋ္ဌိနှစ်ခု ရှိသေးရဲ့လား . . . (မရှိပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ **ဒိဋ္ဌိနိရောဓော နိဗ္ဗာန်** ဖြစ်ပြီ . . . (မှန်ပါ့)၊ **ဒိဋ္ဌိ**ချုပ်တဲ့ **နိဗ္ဗာန်** ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

**သောတာပတ္တိမဂ်**ရတယ်ဆိုတာ **ဒိဋ္ဌိ**သတ်တဲ့မဂ်ရတာပဲ . . . (မှန်ပါ့)၊ အခုတော့ ဒကာ ဒကာမတွေကိုယ်တိုင် မြင်ပြီဆိုမှဖြင့် ဒကာ ဒကာမတွေသာလိုက်ကြတော့ ကိုယ်တိုင်မြင်လို့ရှိရင်ဖြင့် ဖြစ်တာကလေးတွေ ကိုယ်တိုင်မြင်ရင် **ဥစ္ဆေဒဒိဋ္ဌိ** စင်နေပြီ . . . (မှန်ပါ့)၊ ပျက်တာကလေးတွေကိုယ်တိုင်မြင်နေရင် . . . (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒါဖြင့် **သဿတဥစ္ဆေဒနှစ်ဘက်စွန်း** လွတ်ကင်းတဲ့ **သဿတဥစ္ဆေဒ**ကြားထဲမှာ မြင်တဲ့အမြင်ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် **မဇ္ဈိမပဋိပဒါ** အလယ်လမ်းအမြင် ဟုတ်ပါရဲ့လား . . . (ဟုတ်ပါတယ်ဘုရား)။

## ဒီအမြင်ရရင် နိဗ္ဗာန်ရောက်တာပဲ

ဒီအလယ်လမ်းအမြင်သည်ကားလို့ ဆိုလို့ရှိရင် '**ကောယ နောယံ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ**' ဤအလယ်လမ်း အမြင်သည် '**ကောယနော တစ်ကြောင်းတည်းနဲ့**' နိဗ္ဗာန်ရောက်၏ . . . (မှန်ပါ) ဒီအမြင်သာရပါစေ **နိဗ္ဗာန်**ကိုပို့ပေးပါလို့ မဆိုရတော့ပါ ဘူး၊ ဒီအမြင်သာရလို့ရှိရင် **နိဗ္ဗာန်**ရောက်တာပဲ . . . (မှန်ပါ့ဘုရား)။

ဩော် . . . ဒါဖြင့် ဒီအမြင်သည် ဒကာ ဒကာမတို့ ခဲခဲယဉ်းယဉ်းလား၊ ကိုယ့်ခန္ဓာကိုအကြည့်ကောင်းရင် . . . (မြင်ရမှာပါဘုရား)၊ မြင်နိုင်ပါတယ်၊ ဒါဖြင့် **သမ္မာဒိဋ္ဌိ**ဆိုတာ ဘာတုံး၊ **သောတာပန်မျက်လုံး** . . . (မှန်ပါ့ဘုရား)။

**သမ္မာ**က မှန်ကန်တာ။ ဒိဋ္ဌိကမြင်တာ၊ အမှန်မြင်တဲ့ မျက်လုံးဆိုတော့ ဒကာ ဒကာမတို့ တကယ်သာ မြင်ကြပါစေ သောတာပန်မျက်လုံးရတယ် . . . (မှန်ပါ့)၊ သောတာပန် မျက်လုံးရတော့ **စတူဟာပါယေဟိစဝိပ္ပမုတ္တော**ဆိုတဲ့အတိုင်း

အပါယ်လေးပါးဟာ ဘယ်နှယ့်နေသတုံး . . . (လွတ်ပါတယ်)၊ ဘယ်မျက်လုံးရလို့ပါလိမ့်ဗျာ . . . (သောတာပတ္တိမျက်လုံးရလို့ ပါဘုရား)၊ သဘောကျပါလား . . . (ကျပါပြီဘုရား)။

အဲ **သောတာပတ္တိမျက်လုံးဆိုတာ မဇ္ဈိမပဋိပဒါ** အဖြစ်နဲ့ မြင်တဲ့မျက်လုံး . . . (မှန်ပါ့ဘုရား)။

ဘယ်မျက်လုံးပါလိမ့် . . . (မဇ္ဈိမပဋိပဒါမျက်လုံးပါ)၊ **သဿတ**အမြင်ကော ဟုတ်သေးရဲ့လား . . . (မဟုတ်ပါဘုရား)၊ ဥစ္ဆေဒအမြင်ကော . . . (မဟုတ်ပါဘုရား)၊ ဘယ်အမြင်ပါလိမ့် . . . (အလယ်လမ်း အမြင်ပါဘုရား)။

## အလယ်လမ်းအမြင်ဟာသောတာပန်အမြင်

အဲဒီအလယ်လမ်း အမြင်ဟာ သူများပြောနဲ့ လမ်းမဆုံးဘဲနဲ့ ကိုယ်တိုင်အမြင်ရောက်လို့ရှိရင် သောတာပန်အမြင် . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အိမ်ကျတော့ ထိုင်ကြည့်စမ်းပါ၊ ရှုကြစမ်းပါ၊ လမ်းမှာသွားလို့ရှိရင်လည်း ခြေဖဝါးပြင်မှာပေါ်တဲ့ ဓမ္မကလေး၏ ဖြစ်ပုံ ပျက်ပုံကလေးတွေ ကြည့်စမ်းပါ၊ ကောင်းတာကလေးတွေလည်း ညောင်းတာနဲ့ မညောင်းတာကြည့်ကြစမ်းပါ . . . (မှန်ပါ့)၊ ခြေထောက်ကလေးတွေ လှုပ်တယ်ဆိုရင် လှုပ်တာနဲ့ ငြိမ်တာ ကလေးတွေဟာ တခြားစီပါလား . . . (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ကြည့်သွားတဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာကိုယ်ထဲမှာ လှုပ်မှုအလှုပ်ပြီး ပျက်တာပဲငြိမ်မှုကော . . . (ငြိမ်ပြီးပျက်တာပါပဲ) ငြိမ်ပြီး ပျက်တာပဲဆိုတာ သိသိသိသိသွား ကိုယ်တိုင် မြင်သွားပြီဆိုမှဖြင့် **သမ္မာဒိဋ္ဌိ**ဖြစ်တာပဲ . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဟာ **သဿတ**အမြင်ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)၊ **ဥစ္ဆေဒ**အမြင်ကော . . . (မဟုတ်ပါဘုရား)၊ ဘယ်အမြင်ပါလိမ့် . . . (အလယ်လမ်းအမြင်ပါဘုရား)၊ အလယ်လမ်းဆိုတော့ မဂ္ဂင်အမြင်ပေါ့ဗျာ . . . (မှန်ပါ့)၊ **မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ**မဇ္ဈိမပဋိပဒါဆိုတာ အလယ်လမ်း အကျင့်ပဲ . . . (မှန်ပါ့)၊ အလယ်လမ်းဉာဏ်နဲ့ မြင်တာရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒကာသစ် ဘယ်အမြင်နဲ့ မြင်သတုံး . . . (အလယ်လမ်းအမြင်နဲ့ မြင်ပါတယ်ဘုရား)။

## အလယ်လမ်းမြင်တဲ့အကျိုး

အလယ်လမ်း ဉာဏ်နဲ့မြင်တော့ ကဲ . . . အကျိုးပေးပြပါတော့မယ် ဒကာ ဒကာမတို့ ဒါက ကြားစိတ်ကလေး နားထဲမှာပေါ်ပြီး နားထဲမှာပျက်တယ်လို့ ဟောဒီမဂ္ဂင်နဲ့ မြင်ပြီဆိုပါတော့ဗျာ . . . (မှန်ပါ့)၊ ကြားရလို့ ကျပ်ငိုချင်တယ်ဆိုတာကော . . . (မလာပါဘုရား)၊ ကြားရလို့ ဒုက္ခဖြစ်လာတယ် . . . (မလာပါ

ဘုရား)၊ ကြားရလို့ **ဒေါမနဿ**ဖြစ်တယ် . . . (မလာပါဘုရား)၊ ကြားရတာနဲ့ ကျုပ်ဖြင့် ကိုယ်ကြီး ပစ်လှဲချင်တာပဲ. . . (မလာပါ ဘုရား)၊ **သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပယာသတွေဟာ** အလယ်လမ်းအမြင်ကတည်းကချုပ်ပြီ . . . (မှန်ပါ့)၊ မချုပ်သေး ဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဘယ်လမ်းအမြင်ကြောင့်ပါ လိမ့် . . . (အလယ်လမ်းအမြင်ကြောင့်ပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ချုပ်တယ်

ဩော် . . . ဒါဖြင့် မြင်စိတ်ကလေး ဖြစ်ပျက်ရှုရခြင်းသည် အမြင်မှန်ရလို့ **ပဋိစ္စသမုပ္ပာဒ်**ချုပ်သွားနိုင်ပါကလား . . . (မှန်ပါ့)၊ တစ်ခါကြားစိတ်ကလေး ဖြစ်ပျက်ရှုခြင်းသည် ငိုသံကြားလို့ ရှုရလို့ ရှိရင်လည်း **သောကပရိဒေဝ ဒုက္ခဒေါမနဿ** ချုပ်တာပဲ . . . (မှန်ပါ့ဘုရား)။

တစ်ခါ ဟိုအိမ်ကနေပြီး ငွေတွေရေတွက်ပြီးသကာလ သူတို့မှာ အကျိုးပေးနေလို့ ပြုံးတဲ့အသံ ရယ်တဲ့အသံတွေကြား ပြန်တော့လည်း ဒကာသစ်တို့က ကိုယ့်နားထဲကြားစိတ်မပေါ်ဘူး လား . . . (ပေါ်ပါတယ်)၊ ကြားစိတ်ပေါ်တော့ ကြားစိတ်ကို ဖြစ်ပျက်ရှုလိုက်၊ အလယ်လမ်းနဲ့ရှုလိုက်တဲ့ အခါကျတော့ တို့လည်းရအောင် ရှာဦးမယ်ဆိုတဲ့ **တဏှာ**လာသေးလား . . . (မလာပါဘုရား)၊ မရမနေဘူးကွဆိုတဲ့ **ဥပါဒါန်**ကော . . . (မလာပါဘုရား)။

## ဒုက္ခစက်ကြီးပြတ်တယ်

အို . . . ကိုယ့်မှာလည်းကွာ ပါးစပ်နဲ့ လက်နဲ့ပဲဆိုတဲ့ ကာယကံ၊ ဝစီကံကော လာသေးရဲ့လား . . . (မလာပါဘုရား)၊ ဒီကျတော့ **တဏှာဥပါဒါန်ကံ**ချုပ်တယ် . . . (မှန်ပါ့)၊ ဝမ်းသာတဲ့ အသံကြားရလို့ ကြားစိတ်ကလေး ဖြစ်ပျက်ရှုလိုက်ပြန်တော့ **တဏှာဥပါဒါန်**ကံချုပ်တယ် . . . (မှန်ပါ့)၊ ဝမ်းနည်းတဲ့ အသံ ကြားရပြန်တော့ ကိုယ့်ကြားစိတ်ကလေး ကိုယ်ပြန်ရှုလိုက်ပြန် တော့ **သောကပရိဒေဝဒုက္ခဒေါမနဿ** မချုပ်ဘူးလား . . . (ချုပ်ပါတယ်)၊ အဲ. . . **ပဋိစ္စသမုပ္ပာဒ်** အလယ်ကကော . . . (ပြတ်ပါတယ်)၊ အဆုံးကကော . . . (ပြတ်ပါတယ်ဘုရား)။

ဩော် . . . ဒီလိုနည်းကောင်းနည်းနာ အလယ်လမ်းနဲ့ ရှုလိုက်ပြန်တော့ **ပဋိစ္စသမုပ္ပာဒ်**ဆိုတဲ့ ဒုက္ခစက်ကြီးဟာ ဘယ့်နှယ် နေသတုံး . . . (ပြတ်ပါတယ်)၊ နိဗ္ဗာန်ရောက်တယ်ဆိုတာ ဒုက္ခစက်ပြတ်တာပဲ . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ရောက်တယ်ဆိုတာဘာတုံး

နိဗ္ဗာန်ရောက်တယ်ဆိုတာ ဘာတုံး . . (ဒုက္ခစက်ကြီး ပြတ်တာပါဘုရား)၊ ဒုက္ခစက်ပြတ်တာပဲဆိုတာ သဘောကျ ပလား . . . (ကျပါပြီ)၊ ဒုက္ခစက်ကို ဘယ်သူဖြတ်လိုက်သတုံး ဆိုတော့ အလယ်လမ်း မဂ္ဂင်က ဖြတ်လိုက်တယ် . . . (မှန်ပါ့ ဘုရား)။

ဒါဖြင့် ကျုပ်တို့ ဘယ်လမ်းက လိုက်ကြမယ် . . . (အလယ်လမ်းလိုက်ကြပါမယ်ဘုရား)၊ ခိုင်တဲ့ လမ်းလည်းမကြည့်ပါနဲ့၊ ပြတ်တဲ့လမ်းလဲ . . . (မကြည့်ပါနဲ့)၊ ဖြစ်လိုက်ပျက်လိုက်သာ ရှိတယ်လို့ အသိဉာဏ်လမ်းလိုက်ပါ . . . (မှန်ပါ့ဘုရား)။

## အဆုံးကချုပ်တယ်

လိုက်လို့ရှိရင်ဖြင့် အဆုံးလမ်း ဖြတ်ပုံကလေး နည်းနည်း ပြောပါဦးမယ်၊ ခုနင်က အသံကလေးတစ်ခု ကြားရတာနဲ့ ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုလိုက်တယ် ကိုယ့်နားထဲက ဖြစ်ပျက်ရှုလိုက်တယ် **သောတပရိဒေဝ ဒုက္ခဒေါမနဿတွေ ပဋိစ္စသမုပ္ပာဒ်အဆုံး** က မချုပ်ဘူးလား . . . (ချုပ်ပါတယ်)၊ ဟိုအိမ်ကငွေရလို့ ဝမ်းသာ တာ ကြားနေရတဲ့စိတ်ကလေး ဖြစ်ပျက်ရှုလိုက်တော့လည်း ကိုယ်လည်း လိုချင်တယ် ကိုယ်လည်း စွဲလမ်းတယ်ဆိုတဲ့ **ပဋိစ္စသမုပ္ပါဒ်** အလယ်က နေနေပြီး မချုပ်ဘူးလား . . . (ချုပ်ပါ တယ်ဘုရား)။

## အစကချုပ်တယ်

ကဲ . . . အစက ချုပ်ပုံပြပါဦးမယ်တဲ့၊ ဒကာ ဒကာမတို့ နော် . . (မှန်ပါ့ဘုရား)၊ ကဲ . . . ဟိုအိမ်ကနေပြီး ပြောဆိုကြ တယ်၊ ဒကာသစ်နားထဲ ကြားစိတ်ကလေး ပေါ်တော့ ဒါကလေး

ကို ဖြစ်ပျက်ရှုလိုက်တာပေါ့၊ ဖြစ်ပြီးပျက်တဲ့ ဓမ္မကလေးတစ်ခု ကိုယ့်သန္တာန်မှာ မပေါ်ဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

ပေါ်တာကလေး ရှုလိုက်တဲ့အခါကျတော့ ရှုလိုက်တဲ့ **မဂ္ဂင်အဝိဇ္ဇာလား**၊ ဝိဇ္ဇာလား . . . (ဝိဇ္ဇာပါ)၊ **ဝိဇ္ဇာမဂ္ဂင်**နဲ့ ရှုလိုက်တော့ **အဝိဇ္ဇာမဂ္ဂင်**က နေက်ကလိုက်သေးရဲ့လား . . . (မလိုက်ပါဘုရား)၊ ဒါဖြင့် ရှုလိုက်တဲ့ ပုဂ္ဂိုလ်မှာဖြင့် **အဝိဇ္ဇာသင်္ခါရ** ဆိုတဲ့ **ပဋိစ္စသမုပ္ပါဒ်**အစကလည်း ဘယ့်နှယ့်နေသတုံး . . . (ပြတ်ပါတယ်ဘုရား)။

ဒါဖြင့် **ပဋိစ္စသမုပ္ပဒ်**အစက ပြတ်တာလည်း ဒကာဒကာမတို့ **သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ**ဖြစ်တာပဲ . . . (မှန်ပါ့ဘုရား)၊ **ပဋိစ္စသမုပ္ပါဒ်**အလယ်က ပြတ်ကော . . . (ဖြစ်ပါတယ်ဘုရား)၊ **ပဋိစ္စသမုပ္ပါဒ်** အဆုံးကပြတ်ကော . . . (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ နားထဲက ကြားတဲ့စိတ်ကလေး တစ်ခုတည်းရှုလိုက်တာနဲ့ ပဋိစ္စသမုပ္ပါဒ်အစကလည်း ပြတ်နိုင်ပါတယ် . . . (မှန်ပါ့)၊ အလယ်ကကော . . . (ပြတ်နိုင်ပါတယ်ဘုရား)၊ အဆုံးကလည်း . . . (ပြတ်နိုင်ပါတယ်ဘုရား)။

နှာခေါင်းပေါက်ကလည်း ဒီအတိုင်းရှုရင်ကော . . . (ပြတ်ပါတယ်)၊ **ပဋိစ္စသမုပ္ပာဒ် အစပြတ်၊ အလည်ပြတ်၊ အဆုံးပြတ်** ဆိုတာ မလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ကြံတဲ့စိတ်ကလေး ပေါ်လာရင် ဘာလုပ်မယ် . . . (ဖြစ်ပျက်ရှုရပါ့မယ်)၊ ဒါဖြင့် ရှေ့ကို တန်းပြီးသွားတဲ့ ပဋိစ္စသမုပ္ပါဒ် လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)၊ မလာနိုင်လို့ရှိရင် အစကလည်းပြတ်တယ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါ)၊ အလည်ကပြတ်တယ်ဆိုရင် . . . (မလွဲပါဘုရား)၊ အဆုံးကပြတ်တယ်ဆိုရင် . . . (မလွဲပါဘုရား)။

## ခြောက်မျိုးပေါ်ရာရှုလိုက်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ **စက္ခုဝိညာဏ် စိတ်၊ သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှာဝိညာဏ်စိတ်၊ ကာယဝိညာဏ်စိတ်၊ မနောဝိညာဏ်စိတ်**ဆိုတဲ့ စိတ်ခြောက်မျိုးမရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ အဲဒီခြောက်မျိုးပေါ်ရာကိုသာ လိုက်ရှုပါ၊ **ပဋိစ္စသမုပ္ပါဒ်**အကုန်ဖြတ်တာဟူသ၍သည် အလယ်လမ်း **သမ္မာဒိဋ္ဌိ**ကဖြတ်တာ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် အပါယ်သွားမည့် **ပဋိစ္စသမုပ္ပာဒ်**ဟာ အစပြတ်မသွားလဲ အပါယ်ရောက်အောင် သွားမှာပဲ . . . (မှန်ပါ့)၊ အလယ်မဖြတ်နိုင်ရင်လဲ . . . (အပါယ်ရောက်အောင်သွားမှာပါပဲ)၊ အဆုံးကမဖြတ်နိုင်ရင် . . . (အပါယ်ရောက်အောင်သွားမှာပါဘုရား)၊ ဒါဖြင့် **အပါယ်လေးပါး** တံခါးပိတ်ဆိုတာ ဒီအလယ်လမ်း**သမ္မာဒိဋ္ဌိ**ပဲ . . . (မှန်ပါ့)၊ ပေါ်ကြပြီလား . . . (ပေါ်ပါပြီဘုရား)။

## သံသရာစခန်းသတ်တယ်

ဒါဖြင့် **သမ္မာဒိဋ္ဌိ**အလုပ်ကို လုပ်မှသာလျှင် ကျုပ်တို့သည် သံသရာစခန်းသတ်မယ်ဆိုတော့ **ပဋိစ္စသမုပ္ပါဒ်**အစက စခန်းသတ်တယ်၊ အလယ်ကစခန်းသတ်တယ်၊ အဆုံးကကော . . . (စခန်းသတ်ပါတယ်ဘုရား)။

ဒါဖြင့် **ဒီပဋိစ္စသမုပ္ပါဒ်** စခန်းသတ်တာသည် သံသရာစခန်းသတ်တာပဲဆိုတော့ **ခန္ဓာ**တွေ **အာယတန**တွေ ကယ်နိုင်သေးရဲ့လား . . . (မကယ်နိုင်ပါဘုရား)၊ ဘယ်လမ်းလိုက်မိပါလိမ့် . . . (အလယ်လမ်းလိုက်မိပါတယ်ဘုရား)၊ အလယ်လမ်းက အမှန်မျက်လုံးလား၊ အမှားမျက်လုံးလား . . . (အမှန်မျက်လုံးပါဘုရား)။

အဲဒီအမှန်မျက်လုံးရတာနဲ့ **ကစ္စာနဂေါတ္တဟာရဟန္တာ**ဖြစ်တာပဲ . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဖြစ်ပျက်မြင်အောင် ကြည့်ပါ အလယ်လမ်းနဲ့ကြည့် . . . (မှန်ပါ့) ဖြစ်ပျက်မုန်းအောင်ကြည့်ပါ . . . (အလယ်လမ်းနဲ့ ကြည့်ရပါမယ်ဘုရား) ဖြစ်ပျက်တွေ အဆုံးမြင်တာကော . . . (အလယ်လမ်းနဲ့ မြင်တာပါဘုရား)။

## ခန္ဓာဇာတ်သိမ်းငြိမ်းရာနိဗ္ဗာန်

အဲ. . . အလယ်လမ်းကို သုံးခါလောက် လိုက်လိုက်လို့ရှိရင်ဖြင့် **ပဋိစ္စသမုပ္ပာဒ်**အစကလည်းပြတ် အလယ်ကလည်း ပြတ်၊ အဆုံးကလည်းပြတ်သောကြောင့် ခင်ဗျားတို့ ခန္ဓာဇာတ် သိမ်း ငြိမ်းရာနိဗ္ဗာန်ဆိုတာ သူတို့မဆက်တာကို ဆိုပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါသူများပြောလောက်နဲ့ပဲ သိမနေစေနဲ့ ကိုယ်တိုင် သိအောင်လုပ်ကြလို့ရှိရင်ဖြင့် **သောတာပန်**အရေးဟာ ဒါမြင်ရင် ပြီးတာပဲ. . . (မှန်ပါ့)၊ ရှင်ပလား. . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ယနေ့ဒီတွင် တော်ကြဦးစို့ . . . ။

သာဓု. . . သာဓု. . . သာဓု. . . ။